# WOMEN AT THE FRONTLINE



WOMEN AT THE FRONTLINE

MYIT YE SEE THAN
MAGAZINE 2023

# မြစ်ရေစီးသံမိတ်ဆက်

## "မြစ်ရေစီးသံ.....ကို သင်...ကြားနိုင်ပြီလား...?"

မြစ်ရေတသွင်သွင်စီးသော အသံကို သင်...ကြားဖူးပါသလား? မြစ်ရေစီးသံကို သာယာငြိမ့်ညောင်းသောအသံ အဖြစ်အများက တင်စားဖွဲ့ဆိုလေ့ရှိပါသည်။ သို့သော် မြစ်ရေအင်အားကြီးမားသည့် အခါတွင်မူ မြစ်ရေသည် "တဝေါဝေါ" အရှိန်အဟုန်ဖြင့် စီးဆင်းနိုင်သည်ကို သတိပြုမိပါလိမ့်မည်။ ထို့ကြောင့် မြစ်ရေသည် ငြိမ့်ညောင်းသာယာကြည်အေးသော ခံစားမှုကို ပေးစွမ်းနိုင်သကဲ့သို့ မြစ်ရေများအင်အားကြီးမားသောအခါ မြေစိုင်မြေသား ကမ်းပါးများကိုပင်လျှင် တိုက်စားဖြိုချနိုင်သော အစွမ်းအစရှိပါသည်။ မြစ်ရေသည် ဂေဟာအသက်ရှင်သန်မှု၏သွေးကြောဖြစ်သကဲ့သို့ မြစ်ရေများ စုပေါင်းစီးဆင်းကာ ပင်လယ်နှင့်သမုဒ္ဒရာကိုပင် ဖန်ဆင်းနိုင်ပါသည်။

ထိုနည်းငှင်းပင်...ကျမ/ကျတော်တို့၏ ဖြစ်တည်မှုသည် လူမှုအဖွဲ့အစည်း၏ အုတ်ရိုးအုတ်မြစ်ဖြစ်ပြီး ကျတော်/ကျမတို့၏ အသံသည် မာကြောသော နံရံကမ်းပါးများကို ပင်လျှင် တိုက်စားဖြိုချနိုင်သည်အထိ ခွန်အားရှိသော အသံဖြစ်သည်ဟု ယုံကြည်ကာ ကျမ/ကျတော်တို့၏ အတွေးအမြင်သစ်များ၊ သွေးစည်းညီညွတ်မှုများ ပေါင်းစည်းခြင်းဖြင့် ပင်လယ်သမုဒ္ဒရာသို့ သာယာကျယ်ပြောသော လူမှုအဆောက်အအုံအသစ်ကို တည်ဆောက်နိုင်ရန်ရည်ရွယ်၍ ဤစာစောင်၏ အမည်ကို "မြစ်ရေစီးသံ" ဟု မှည့်ခေါ်ပါသည်။

ဤ "မြစ်ရေစီးသံ"စာစဉ်တွင် ကျမ/ကျတော်တို့၏ ခွန်အားရှိသော၊ အပြောင်းအလဲကို ဖော်ဆောင်လိုသော အသံများကို တစ်စုတစ်စည်းထဲ ကျယ်ကျယ်လောင်လောင်ကြားနိုင်ရန်နှင့် စဉ်ဆက်မပြတ်စေရန် ရည်ရွယ်တင်ဆက်ထားပါသည်။မြစ်ရေများ လှိုင်းလုံးသဖွယ်အဟုန်ဖြင့် စီးဆင်းလာနေပြီ....

ခွန်အားရှိသောမြစ်ရေစီးသံကို သင်ကြားနိုင်ပါရဲ့လား..... ???

အယ်ဒီတာအဖွဲ့
မြစ်ရေစီးသံ

# မာတိကာ

စာမျက်နှာ


| | | |
|---|---|---|
| ၁။ | မြစ်ရေစီးသံမိတ်ဆက် | ၂ |
| ၂။ | ဖွင့်ဟာကဗျာ | ၃ |
| | - ပုစ္ဆာ - အဖြူ | ၄ |
| | - ယေဘုယျအားဖြင့် (၂) - Skylar | ၅ |
| | - Did You Eat Yet? – Lotty Clare | ၆ |
| ၃။ | စိတ်ရောင်စုံ (ပန်းချီ/ရုပ်ပြ) | |
| | - Artworks by Operation Kino | ၇ |
| | - Artworks by Kanti | ၁၁ |
| ၄။ | ဖီမနစ်ဇင်လှုပ်ရှားမှုများမှာ မျိုးဆက်မတူသူများကြားကုစားခြင်း | ၁၃ |
| ၅။ | Women of the Era - ဂီတအိပ်မက်ကို ထမ်းပိုးရင်းအာဏာရှင်ကိုတော်လှန်နေသူ | ၁၇ |
| ၆။ | Squid Game ရုပ်ရှင်မှတဆင့် ပါဝါသီအိုရီကို နားလည်ခြင်း | ၂၄ |
| ၇။ | လိင်ပိုင်းဆိုင်ရာပညာပေးဆိုတာ ဘာလဲ? | ၃၀ |
| ၈။ | Cartoon by Shin Thant | ၃၄ |
| ၉။ | အိမ်ပြန်ချိန် | ၃၅ |
| ၁၀။ | အမျိုးသမီးချင်းချစ်ကြိုက်သူတစ်ဦး၏ကိုယ်ပိုင်ဝိသေသ | ၃၇ |
| ၁၁။ | The Midnight Zone | ၃၉ |
| ၁၂။ | အမျိုးသမီးတွေဘာလုပ်နေလဲနှင့် တော်လှန်ရေး (၂)နှစ်အကြာ | ၄၀ |

# ပုစ္ဆာ

ဟဲလို ပုစွန်ဆီရောင်ကောင်းကင် ဘယ့်နယ့်လဲ?
မတွေ့တာတောင်ကြာလှပေါ့
မြို့ပြရဲ့မတရားမှုတွေကို
အရင်အတိုင်း ကြည့်နေရတုန်းလား?

အို...လမ်းမတွေပေါ်က လူထုအပေါင်းတို့
ကျုပ်တို့ခန္ဓာကိုယ်ကဒဏ်ရာတွေသက်သာပါပြီ။
သံတိုင်နောက်က အဖမ်းဆီးခံတွေရဲ့ ရင်တွင်းဆု
တောင်းသံတွေကြားနိုင်ရင် ခင်ဗျားတို့ရဲ့
ပြေလျော့သွားတဲ့ လက်သီးဆုပ်တွေကို
ပြန်ကျစ်ပေးထားနိုင်မလား?

အို... နားမကြားတဲ့ဘုရားသခင်တို့
မတရားမှုတွေဟာဘာကြောင့်
အဓွန့်ရှည်နေရပါသလဲ
တရားတဲ့ဘက်က အနိုင်ရဖို့
ဘယ်လိုအကြောင်းအရာ တွေက
ဟန့်တားနေပါသလဲ
မျက်ရည်တွေနဲ့ရင်းထားရတဲ့ ဆုတောင်းတွေ
ပြည့်ဖို့ ဘယ်လိုအရာတွေထပ်ပေးဆပ်ရဦးမလဲ

ဒီလိုနဲ့ပဲ ...
ပုစွန်ဆီရောင်ကောင်းကင်ကိုတိုင်တည်ရင်း
လူထုရဲ့ ဥပက္ခာကိုနာကျည်းရင်း
ဘုရားသခင်ဆိုတဲ့အမည်နာမတွေကို
အပြစ်တင်ရင်း တစ်လျှောက်လုံး
သွေးဆာလောင်နေခဲ့တဲ့
သမိုင်းကို ရှိုးမယ်ဖွဲ့ရင်း
အနာဂတ်/ရည်မှန်းချက်ဆိုတာ တွေကို
စာလုံးပေါင်းနေရင်း

ငါတို့ဟာပိုးဖလံတွေလို
တစ်ရက်တည်းအသက်ရှင်ခွင့်ရတဲ့
ဆောင်းပလူတွေလို
မုဆိုးအတတ်ကို တိတ်တဆိတ်သင်ယူနေတဲ့
ယုန်သူငယ်တွေလို...

ဆရာအောင်ခင်မြင့်ပြောသလိုပေါ့
ခုထိတော့...
၂၁ ရာစုရဲ့ ခေတ်ဆိုးကြီးကို
ငါတို့တစ်ခန်းမှမလွတ်သေးပါဘူး...

အဖြူ

(အချုပ်ကားပေါ်မှ လမ်းမကိုကြည့်ရင်း ခံစားရေးသည်။)



# ယေဘုယျအားဖြင့် (၂)



မိန်းကလေးတွေ နောက်ကိုဆုတ်မယ်/
အမျိုးသမီးများ ကျေးဇူးပြု၍ အနောက်ကို သွားပေးကြပါခင်ဗျာ/
အန္တရာယ်များလို့ ကာကွယ်ပေးခြင်းဖြစ်ကြောင်းပါခင်ဗျာ/
သမီးကို မိန်းကလေးနာမ်စားသုံးတာ မကြိုက် ကြောင်း ဘယ်လိုပြောရမလဲ/
နမျောစရာကြီး/ မင်းကအခြောက်လား/
ထဘီကိုခေါင်းမှာပတ်တယ်ဗျာ ဘာဖြစ် လဲ (ဘာဖြစ်ရမှာလဲ - စာရေးသူ)/
ငါပြောရင်နားမထောင်ဘူး ငါ့လင်ပြောမှနားထောင်တယ် ယောကျ်ား အချင်းချင်းဆိုတော့.. အဲဒါအငုံ့စိတ်/
မိန်းမတွေဒိုက်မထိုးနိုင်ဘူး/ ကျမတို့မိန်းမသားတွေဟာ မောင်တို့လို ယောကျ်ားတွေ ဘလာဘလာဘလာ/
အမျိုးသမီးကို အုပ်စုဖွဲ့... / 'အကြမ်းဖက်' ' နိုင်ထက်စီးနင်း' ထိုသူတို့ နံဘေး၌ အမြဲကပ်လျက်ပါနေသော/
ပုခက်လွှဲသောလက်/ အောင်မြင်သူတို့နောက်ကွယ်က.. / ဘယ်သူ့မယား/
မိန်းကလေးချင်းဆိုတော့../ အမနှစ်ကောင်ဆိုတော့ ခဏခဏကိုက်တယ်/
ကောင်မကိုကရွတာတအား/ အားကိုးချင်လိုက်တာ/
နောက်ဖေးအိမ်က ပြတင်းပေါက်ကနေ ဟိုလူလေ သူ့ 'လ' ကို ထုတ်ပြတယ်သိလား/
အဲဒါနင်တို့အိမ်မှာယောကျ်ားမရှိလို့/ အမျိုးသားနေ့ပြီးတော့ အမျိုးသမီးနေ့/
မိန်းမ မိုင်းမကိုင်ရဘူးတဲ့.. မိန်းမ ကိုင်ရင် ဒီမိုင်းက မအောင်ဘူးတဲ့/
ရှေ့တန်းမလိုက်နဲ့/ အဲဒီယမ်းတွေကို မိန်းကလေးတွေ နယ်ပေး စပ်ပေး လိုက်တာ သူမသိဘူး ငါရီသေ/
မိန်းမနဲ့ဆေးလိပ်နဲ့ဘာဆိုင်/ ငါတို့တောင် ဒီတောဒီတောင်ကို မနဲတက်ရမှာ နင်ကဘာလိုက်လုပ်မှာ/
မိန်းမက မိန်းမလိုနေ/ သူကမိန်းကလေးဆိုတော့လေ.. /
သင်ရော မိန်းကလေးလား/ မိန်းမမောင်းတဲ့ကား/ မိန်းမအတွင်းခံက ဝရန်တာပေါ်မှာ/
(သို့မဟုတ်)
မိန်းမတွေဆိုတော့ကာ ။ ။

Skylar


# *Did you eat yet?*

I open the messenger app and tap on your face,
my heart aches.
Villages burning empty my mind
A father holding his slain child, his gaping mouth swallows my thoughts
A flash image of a disemboweled body dumped by the road,
and cigarette burns and bruises on queer bodies,
render me silent
When your world is drenched in violence, what can I say to you,
when I am here and you are over there?


**'Did you eat yet?'**
I type these words but really, I say:
'Are you alive? Are you safe? Do you have enough food to eat?
I miss you. I care about you. I wish things were normal again.'

**'Not yet'**
Not yet eaten
Not yet safe
Not yet home
Not yet free

Lotty Clare




စိတ်ရောင်စုံ (ပန်းချီ/ရုပ်ပြ)




Artwork by Operation Kino

စိတ်ရောင်စုံ ( ပန်းချီ / ရုပ်ပြ)




Artwork by Operation Kino

စိတ်ရောင်စုံ ( ပန်းချီ / ရုပ်ပြ)




Artwork by Operation Kino

စိတ်ရောင်စုံ ( ပန်းချီ / ရုပ်ပြ)




Artwork by Operation Kino

စိတ်ရောင်စုံ (ပန်းချီ/ရုပ်ပြ)

# Grow up



Artwork by Kanti

စိတ်ရောင်စုံ ( ပန်းချီ / ရုပ်ပြ)

# Unlock




Artwork by Kanti




# ဖီမနစ်ဇင် လှုပ်ရှားမှုများမှာ မျိုးဆက်မတူသူများကြားကုစားခြင်း

မြန်မာပြည်မှာမကြာသေးခင် နှစ်များအတွင်း ဖီမနစ်ဇင် လှုပ်ရှားမှုတွေအတော်များများ အသံကျယ် လောင် စွာကြား လာရတာနဲ့အမျှ၊ အမျိုးမျိုးသော ရှုထောင့်၊ သီအိုရီ၊ ချဉ်းကပ် ကျင့်သုံးပုံများစွာကိုဆွေးနွေးလာကြပါတယ်။

ဒါပေမယ့် ဒီ လှုပ်ရှားမှုများအကြောင်းပြောရာမှာ သိပ်ပြီး တွင်တွင်ကျယ်ကျယ် မပြောဖြစ်ကြတာဟာ “မျိုးဆက်ကွာဟမှု”Generational Gap အကြောင်း ပါ။ မြန်မာပြည်ရဲ့ ဖီမနစ်ဇင် လှုပ်ရှားမှုတွေ၊ အမျိုး သမီး အခွင့်အရေး လှုပ်ရှားမှုတွေထဲမှာတော့ အသက် အရွယ်မတူညီတဲ့၊ မျိုးဆက်ခြင်း မတူညီတဲ့ အမျိုး သမီး တက်ကြွလှုပ်ရှားသူတွေဟာ သူ့အစု အဖွဲ့နဲ့သူ ကွာဟနေတာကို မြင်တွေ့ရပါတယ်။ အချို့သော တက်ကြွလှုပ်ရှားသူမျိုးဆက်ဟောင်းတွေနဲ့ မျိုးဆက် သစ်တွေရဲ့ ကြားထဲက သဟဇာတမဖြစ်မှု၊ သဘောထားအမြင် မတူညီမှုတွေကိုလဲ ရံဖန်ရံခါ ကြားခဲ့ ရပါတယ်။

မျိုးဆက်သစ်တွေဟာ သူတို့ရဲ့အသံကို ထုတ်ဖော်ပြောဆိုချိန်မှာ အမျိုးသမီးကြီးတွေဆီကနေ ပံ့ပိုးမှု ၊ အသိအမှတ် ပြုမှုကို မရရှိဘူးလို့ ထုတ်ဖော်ပြောဆိုလာသလို၊ ပြုမှုနဲ့ တန်းတူအလေးထား ဆက်ဆံခံရ မှုကို မရရှိဘူးလို့ ဦးဆောင်နိုင်ခွင့် အခွင့်အရေးများနဲ့ နေရာများကိုလဲ ကန့်သတ်ထားမှု တွေရှိတယ်လို့ သုံးသပ်ကြပါတယ်။ ဒီလိုပဲ ခေါင်းဆောင်အမျိုးသမီးကြီးတွေရဲ့ လမ်းဖောက်ခဲ့တဲ့၊ စတင်ခဲ့တဲ့ လှုပ်ရှားမှုတွေ အရွေ့တွေမှာလဲ သူမတို့ရဲ့ အတွေ့အကြုံနဲ့အသိပညာတွေကို အသိအမှတ်ပြုခံရမှု မရရှိခဲ့ဘူးလို့ အချို့ကဆွေးနွေးကြ တာတွေလဲ တွေ့ရပါတယ်။ ဒီလိုမျိုးဆက်ကွာဟမှုနဲ့ မတူညီတဲ့မျိုးဆက်များ အမြင်များအကြား သွေးစည်း မှုနဲ့ အပြန်အလှန်ကုစားမှုဟာ ဘာကြောင့်လိုအပ် သလဲ ဆိုတဲ့ အကြောင်း သူတို့ရဲ့အမြင်များကို တင် ဆက်ထားတယ်။

**မအေးဆောင်**
**(ဂျန်ဒါတန်းတူညီမျှရေးအတွက် အရေးဆိုသူ)**

"Movement လို့ပြောရင်အထူးသဖြင့် ဖီးမနစ် လှုပ်ရှားမှု၊ ဂျန်ဒါတန်းတူညီမျှရေး လှုပ်ရှားမှုတွေဟာ ဖိုဝါဒကြီးစိုးမှုကို တိုက်ခိုက်ရတာ ဖြစ်တဲ့အတွက် အခြား လူတန်းစားညီမျှရေး၊ လူမျိုးစုတန်းတူ အခွင့်အရေးတွေကို တိုက်ရတာထက် ပိုပြီးခက်ခဲတယ်၊ အချိန်လည်းကြာတယ်။ အဲ့အတွက် စုပေါင်းတုံ့ပြန်ဆောင်ရွက်မှု (Collective Response)လိုအပ်တယ်၊ အထူးသဖြင့် အတွေ့အကြုံကြီးတဲ့မျိုးဆက်နဲ့ လူငယ်မျိုးဆက်သစ်တွေပူးပေါင်းဖို့ အင်မတန်အရေးကြီးပါတယ်။ ဘာကြောင့်လဲဆိုတော့ အတွေ့အကြုံကြီးတဲ့မျိုးဆက်ရဲ့ဖြတ်သန်းမှုတွေပေါ်ကရလာတဲ့ သင်ခန်းစာတွေ၊ လူငယ်မျိုးဆက်ရဲ့တီထွင်ကြံဆမှု၊ ယုံကြည်ချက်ကို တစိုက်မတ်မတ်လုပ်ဆောင်မှုနဲ့ သစ်လွင်တဲ့အတွေးအခေါ်တွေ၊ ဒါတွေက အင်မတန်ကို uniqueဖြစ်တယ်။ ဒီမျိုးဆက်ဟောင်းနဲ့ မျိုးဆက်သစ်တွေရဲ့ မတူညီတဲ့ ကိုယ်ပိုင်ထူးခြားမှုနဲ့စွမ်းရည်တွေကို ပူးပေါင်းလုပ်ဆောင်ရင် ပိုပြီးထိရောက်မယ်၊ ပိုရွေ့မယ်၊ အားကိုပိုဖြစ်စေတယ်။ ၂၀၂၃နှစ်စပိုင်းကလုပ်ခဲ့တဲ့ သုတေသနတစ်ခုမှာ နွေဦးတော်လှန်ရေးထဲမှာလဲ အချို့သောလူကြီးမိဘတွေဟာ ကိုယ့်ရဲ့မျိုးဆက်ကို လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်ထဲဝင်ဖို့ ကြည်ကြည်ဖြူဖြူနဲ့ ခွင့်ပြုပေးတာတွေကို တွေ့ရတော့ မျိုးဆက်တစ်ခုမှာ မအောင်မြင်ခဲ့တဲ့အာဏာရှင်စနစ်ပျက်သုဉ်းရေးလှုပ်ရှားမှုကို နောက်မျိုးဆက်က ဆက်လက်ထမ်းဆောင်ဖို့ နားလည်မှုပေးတဲ့ ပေါင်းဆုံမှုတစ်ခုကို သွားမြင်တွေ့ရပါတယ်။ ဒီလိုမတူညီတဲ့ပေါင်းစည်းမှု၊ တုံ့ပြန်ဆောင်ရွက်မှုတွေဟာ အမျိုးသမီးအရေးလှုပ်ရှားမှုမှဟုတ် အခြားသော လူမှုရေးအပြောင်းအလဲတွေ (social change) ဖော်ဆောင်ရာမှာလဲ လိုအပ်ပါတယ်။"

**မနင်းသက်မှူးခင်**
**(အမျိုးသမီးနှင့်လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ)**

"အဓိကကတော့ ခေတ်ကာလအရပြောင်းလဲနေတဲ့ အမြင် တွေ အရင်ကဖီမနစ်ဇင်ကိုမြင်ပုံနဲ့ အခုခေတ်မြင်ပုံက မတူညီတော့ဘူး။ ဥပမာ- ဖီမနစ်ဇင်လှုပ်ရှားမှုတွေရဲ့အစမှာ အမျိုးသမီးတွေက တန်းတူမဲပေးခွင့်ရရေး၊ လုပ်အားခတန်းတူညီမျှရေးတွေပေါ် အခြေခံတောင်းဆိုရာကနေစတင်ခဲ့ပေမယ့် ဒီနေ့ခေတ်မှာကျတော့ ဖြစ်တည်မှုအသားအရောင်၊ ဘာသာရေးယုံကြည်ကိုးကွယ်မှု၊ လူမျိုးစုမတူညီမှု စတဲ့ မတူညီတဲ့ ဖြစ်တည်မှုတွေ စုဆုံတဲ့ Intersectionality လို့ခေါ်တဲ့ ဝိသေသတွေကိုကြည့်ပြီး မြင်လာတဲ့အမြင်တွေ ဖြစ်လာတယ်။ ဒီအမြင်အသစ်တွေနဲ့ လိုအပ်ချက်တွေအပေါ်မူတည်ပြီး ဦးစားပေးလုပ်လို့ရတယ်။ အရင်က အမျိုးသမီးတွေကိုပြန်ကြည့်မယ်ဆိုရင်လဲ သူတို့ရဲ့ အတွေ့အကြုံတွေကနေသင်ယူလို့ရတယ်။ တချို့သော အမျိုးသမီးကြီးတွေဆိုရင် ၁၉၈၈နဲ့ အဲ့ဒီမတိုင်ခင်ထဲက အမျိုးသမီးအရေးလုပ်လာခဲ့တဲ့သူတွေဖြစ်တဲ့အခါ သူတို့တုန်းက ဘယ်လိုကြုံခဲ့၊ ကျော်ဖြတ်ခဲ့ရလဲဆိုတာကို အများကြီးသင်ယူလို့ ရနိုင်တယ်။

နောက်တစ်ခုက သွေးစည်းညီညွတ်မှု (Solidarity)၊ အမျိုးသမီးပဲဖြစ်ဖြစ်၊ အမျိုးသားပဲဖြစ်ဖြစ်၊ LGBTIပဲဖြစ်ဖြစ် အတူစုပေါင်းလုပ်ဆောင်တယ်ဆိုရင် ကျမတို့ရဲ့လှုပ်ရှားမှုအရွေ့တွေဟာ တပြေးထဲတသားထဲဖြစ်နေမယ်။ မျိုးဆက်ဟောင်းတွေကို ပြန်ထည့်ခြင်းအားဖြင့် အတွေ့အကြုံသင်ယူတာ တင်မက သွေးစည်းညီညွတ်မှုကို ပြရာလဲရောက်တယ်။ ဒီတော့ သွေးစည်းညီညွတ်မှုပြဖို့၊ အားလုံးပါဝင်တဲ့အရွေ့ဖြစ်ဖို့၊ လတ်တွေ့မှာဖြစ်နေတဲ့ ခေတ်ကာလအခြေအနေအတိုင်းမြင်ပြီး ခေတ်ကာလနဲ့ကိုက်ညီတဲ့ အရွေ့တွေ၊ အပြောင်းအလဲတွေကိုဖော်ဆောင်နိုင်ဖို့ နဲ့ Intersectionality ပါဝင်ဖို့ဆိုရင် မျိုးဆက်သစ်တွေနဲ့ မျိုးဆက်ဟောင်းတွေကြားက ကွာဟမှုတွေကို တတ်နိုင်သမျှလျော့ချဖို့လိုပါတယ်။"

**နောင်းမို့မို့**
**အထွေထွေအတွင်းရေးမှူး**
**အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)**

"အမျိုးသမီးအခွင့်အရေးအတွက် လှုပ်ရှားမှုတွေလုပ်တဲ့အခါ လှုပ်ရှားမှုအကြီးကြီးဖြစ်ပေါ်လာဖို့ဆိုရင် Intersectionality လို့ခေါ်တဲ့ မတူကွဲပြားတဲ့အမျိုးသမီးတွေအတူ စုစည်းပြီးလုပ်ဆောင်နိုင်ဖို့အရမ်းအရေးကြီးပါတယ်။ ဒီလိုပူးပေါင်းလုပ်ဆောင်ကြရတဲ့အခါအသက်အရွယ်၊ မျိုးဆက်မတူညီတဲ့ အမျိုးသမီးတွေကြားမှာ ကွာဟမှုတွေ အများကြီးရှိနိုင်ပါတယ်။ဒါတွေကို နားလည်လက်ခံညှိနှိုင်းပြီး မလုပ်ဆောင်နိုင်ရင် ကျမတို့လှုပ်ရှားမှုတွေ အောင်မြင်ဖို့အတွက်အများကြီး အဟန့်အတားဖြစ်နိုင်ပါတယ်။ဥပမာအားဖြင့် ဘယ်အရာတွေက အဓိက ကွဲပြားနေလဲဆိုတော့ - စံတန်ဖိုးထားမှုတွေ၊ ကြီးပြင်းလာပုံ၊ မတူညီတဲ့ မိဘပြုစုပျိုးထောင်မှုပုံစံ၊ သင်ကြားနိုင်မှုအခွင့်အလမ်း၊ အတွေ့အကြုံတွေဟာ အသက်ကြီးကြီးအမျိုးသမီးတွေနဲ့ အသက်ငယ်တဲ့အမျိုးသမီးတွေကြားမှာ မတူညီနိုင်ကြပါဘူး...။"

"မျိုးဆက်ကွာဟမှုကို ကုစားဖို့ဆိုရင်တော့ အရင်ဆုံး တစ်ဖက်နဲ့တစ်ဖက်အပြန်အလှန် နားလည်လက်ခံရမယ်၊ ဒီလိုလက်ခံနိုင်ဖို့ ပထမဦးဆုံးနှစ်ဦးနှစ်ဖက် အပြန်အလှန်သင်ယူရမယ်။ မျိုးဆက်ဟောင်းတွေရဲ့ တန်ဖိုးထားမှုက ဘာတွေလဲ၊ မျိုးဆက်သစ်တွေက ရောဘာကိုတန်ဖိုးထားလဲ၊ မတူညီတဲ့ စိန်ခေါ်မှုတွေ၊ အတွေ့အကြုံတွေရှိခဲ့လဲ ဆိုတာကိုလေ့လာသင်ယူပြီး လက်ခံဖို့လိုတယ်။ ဒါမှပဲ သဟဇာတရှိရှိနဲ့ အမျိုးသမီးအရေးလှုပ်ရှားရေးမှုတွေကို ဖော်ဆောင်နိုင်မှာဖြစ်တယ်။ အခုခေတ်မျိုးဆက်ဆိုရင် ကျမတို့မှာ နည်းပညာပိုင်းဆိုင်ရာနဲ့ သင်ကြားမှုအခွင့်အလမ်းတွေပိုမိုရရှိကြတယ်။ ကျမတို့မျိုးဆက်ကစာတွေ့မှာပိုအားသာပြီး တကယ့်လုံလောက်တဲ့အတွေ့အကြုံမရှိသေးဘူး။ အရင်ခေတ်မျိုးဆက်ကကိုယ်ပိုင်အတွေ့အကြုံဖြတ်သန်းမှုမှာ အားသာချက်ရှိတယ်။ အခုမျိုးဆက်သစ်မှာက တီထွင်ကြံဆမှုရှိတယ်၊ လူအများကြီးစိတ်ဝင်စားလာအောင် လုပ်နိုင်တဲ့စွမ်းရည်တွေ ရှိတယ် ။ ဒါတွေကို အချိုးညီညီပေါင်းစပ်ပြီး ကုစားမှုပြုလုပ်နိုင်မယ်ဆို ကျမတို့ လှုပ်ရှားမှုတွေပိုထိရောက်ပါမယ်။

**ဒေါ်ကယောသဇင်**
**ဂျန်ဒါတန်းတူရေးကျွမ်းကျင်သူနှင့် တိုင်ပင်ဆွေးနွေးသူ**

"အမျိုးသမီးလို့ ပြောရင် အားလုံးကိုတသမတ်ထဲသတ်မှတ်လို့မရဘူး၊ အသက်အရွယ်၊ တောင်ပေါ် မြေပြန့်နေထိုင်ရာဒေသတွေ မတူညီကြဘူး။ နေထိုင်ရာဒေသတူညီတဲ့သူတွေမှာတောင် ပညာသင်နိုင်မယ့်အခွင့်အလမ်း၊ ကြီးပြင်းလာပုံတွေ မတူညီမှုတွေ၊ ဦးတည်အုပ်စုတွေအများကြီးရှိတယ်။ ဒါကို အမျိုးသမီးအရေးလုပ်ဆောင်မယ့်သူတွေအနေနဲ့ သိထားဖို့လိုတယ်။ ပြီးတော့ အသက်အရွယ်မတူညီမှုကြောင့် Generation Gap ရှိတယ်၊ အဲ့ပေါ်မူတည်ပြီး ခွဲခြားဆက်ဆံမှုတွေရှိနိုင်တယ် ဆိုတာကိုလဲ နားလည်ထားရမယ်။ တချို့အမျိုးသမီးအရေးလှုပ်ရှားနေတဲ့သူတွေဆိုရင် ဥပမာ-ဦးတည်အုပ်စုတစ်ခုကိုပဲ ဦးစားပေးလုပ်ဆောင်မှုကြောင့်တခြားသူတွေကို မေ့တတ်တာမျိုးဖြစ်တတ်တယ်။ ဒါကလဲ သူ့အမှားလို့ပြောလို့မရဘူး။ သူ့ရဲ့အတွေ့အကြုံ၊ သူ့ရဲ့ခံစားမှု၊ သူရည်မှန်းထားတဲ့ ဦးတည်အုပ်စုတွေမှာလဲ၊ သူကိုယ်တိုင်လက်ခံထားတဲ့စံတန်ဖိုး၊ နေ့စဉ်ဘဝမှာ တက်ကြွလှုပ်ရှားမှု စတာတွေပေါ်မှာ အများကြီးမူတည်ပါတယ်။ ဥပမာ - အမျိုးသမီးတစ်ဦးက လူဖြူတွေအတွက်အလုပ်လုပ်မယ်လို့ရည်ရွယ်ထားတယ်၊ လူဖြူအမျိုးသမီးတွေမှာ ဘယ်လိုမျိုးခွဲခြားဆက်ဆံခံနေရတယ်ဆိုတာက သူကကြုံတွေ့ခံစားထားရတယ်၊ ဒါကြောင့် ဒီဦးတည်အုပ်စုကို ပိုပြီး ဦးစားပေးရည်ရွယ်ပြီးလုပ်ချင်တယ်။ ဒါကို တခြားလူမျိုးတွေကို စိတ်ထဲမရှိဘူး၊ မေ့ထားတယ်လို့လဲ ပြောလို့မရနိုင်ဘူး။ သူ့မှာ သူ့ရဲ့ limitation တွေရှိနိုင်တယ်။ ဒါပေမယ့်အမျိုးသမီးအရေးလို့ ပြောတဲ့အခါ diversity မတူကွဲပြားမှုနဲ့ intersectionally မတူညီတဲ့ဖြစ်တည်မှုများစုဆုံမှု ဆိုတာတွေကို ထည့်သွင်းစဉ်းစားဖို့ လိုပါတယ်။"

နောက်ထွက်ရှိမယ့် မြစ်ရေစီးသံ မဂ္ဂဇင်းအမှတ်စဉ်များမှာလဲ “မျိုးဆက်မတူသူများအကြား ကုစားခြင်း” အကြောင်း အရာနဲ့ ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆွေးနွေးသွားမှာ ဖြစ်လို့ စောင့်မျှော် ဖတ်ရှုပေးကြဖို့ တိုက်တွန်းရင်း ဒီအခန်းကဏ္ဍလေးကို ဒီနေရာမှာ ရပ်နားခွင့်ပြုပါရှင်...။

**နှင်းနွေ**
**ဗီမနစ်စာရေးသူတစ်ဦး**

မြစ်ရေစီးသံ

Myit Ye See Than

# WOMEN OF THE ERA

# ဂီတအိပ်မက်ကို ယမ်းပိုးရှင်း အာဏာရှင်ကို တော်လှန်နေသူ



# ဂီတအိမ်မက်ကို ထမ်းပိုးရင်း အာဏာရှင်ကို တော်လှန်နေသူ

**မီးလောင်ပျက်စီးနေတဲ့ အဆောက်အဦးတခုကို နောက်ခံထားပြီး တေးသံရှင်ဖြူဖြူကျော်သိန်းသီဆိုထားတဲ့ "စစ်" သီချင်းကို ခံစားချက်အပြည့်နဲ့ ဒရမ်တီးခတ်နေတဲ့ မိန်းမပျိုတဦးရဲ့ ဗီဒီယိုက ကြည့်ရှုသူတွေအတွက် အဲ့ဒီနေရာက အခြေအနေကို တဒင်္ဂခံစားမိစေခဲ့ပါတယ်။**

**"ငါအော်ကာနေမယ် ..... ရပ်၊ စစ်ပွဲတို့ ချုပ်ငြိမ်းလိုက်၊ တိုးတက်နေတဲ့ တိုင်းပြည်များကို ကျည်ဆံနဲ့ တည်ဆောက်မရ" ဆိုတဲ့ သီချင်းသံနဲ့အတူလိုက်ပါစီးမြောရင်း ခံစားချက်အပြည့်နဲ့ ဒရမ်တီးခတ်နေသူကတော့ ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ် (KNDF) ရဲ့ စစ်သမီး မော်ရီးရီဖြစ်ပါတယ်။ စစ်အာဏာရှင်ကို အမြစ်ပြုတ်တော်လှန်မယ့် နွေဦးတော်လှန်ရေးရဲ့ ရဲရင့်တဲ့အမျိုးသမီးကြယ်ပွင့်တစ်ဦးဖြစ်တဲ့ မော်ရီးရီက သူမရဲ့ အကြောင်းကို သူမကိုယ်တိုင် ပြောပြခဲ့ပါတယ်။**

ကျမနာမည် မော်ရီးရီပါ။ ကျမဟာ ကယား (ကရင်နီ) ပြည်နယ်က ကျေးရွာလေးတရွာမှာ မွေးဖွားကြီးပြင်းခဲ့တဲ့ ကယား-ကယန်းတိုင်းရင်းသူဖြစ်ပါတယ်။ ကျမက အများသူငှာ တွင်တွင်ကျယ်ကျယ်သုံးနေတဲ့ "နိုင်ငံရေး"ဆိုတဲ့ စကားလုံးကို ကြားဖူးနားဝရှိပေမယ့် အဲ့ဒီစကားလုံးရဲ့ အဓိပ္ပါယ်၊ နောက်ကွယ်က အကြောင်းအရာတွေနဲ့တော့ အကျွမ်းတဝင်မရှိလှပါဘူး။ မိဘတွေရဲ့ အလိုကျ တက္ကသိုလ်ကနေ သင်္ချာ ဘာသာရပ်အထူးပြုနဲ့ မဟာဘွဲ့ယူပြီးတဲ့နောက်မှာတော့ ရှေ့ဆက်ရမယ့် ကျမရဲ့ အသက်မွေးဝမ်းကြောင်းအလုပ်ကို စိတ်တိုင်းကျရွေးချယ်လုပ်ကိုင်နိုင်ဖို့ အခွင့်အလမ်းတွေပေါများတဲ့ ရန်ကုန်မြို့ကိုတက်လာခဲ့တာပါ။ ကျမရဲ့အိမ်ကတော့ သမီးမိန်းကလေးဖြစ်တဲ့ ကျမကို ပင်စင်လစာအာမခံချက်ရှိတဲ့ အစိုးရဝန်ထမ်းဖြစ်စေချင်တယ်။ ကျောင်းဆရာမလုပ်မလား၊ သူနာပြုဆရာမလုပ်မလား ပေါ့လေ။ တကယ်တမ်း လက်တွေ့ဘဝအတွက် ကျမအလုပ်ခွင်တခုကို ရွေးချယ်ရမယ်ဆိုတော့ တွေးမိတာက မိဘတွေသိပ်သဘောမကျတဲ့ ကျမနဲ့ကိုက်ညီမယ့် NGOတို့ ၊ အခြားအပြင်အလုပ်တွေကိုဘဲ လုပ်ချင်တယ်။ ဒါတွေကဘဲ ကျမကို ရန်ကုန်ကို ပြောင်းရွှေ့ဖို့ တွန်းအားတွေ ဖြစ်ခဲ့တာပါဘဲ။

ရန်ကုန်ကို ရောက်လာပြီးတဲ့နောက်ပိုင်းမှာ ကျမအလုပ်တွေလုပ်တယ်။ အဲ့အလုပ်တွေက နိုင်ငံရေးနဲ့ နီးစပ်တော့ ကျမ မျက်စိပွင့်၊ နားပွင့် ဖြစ်လာတယ်။ ငါတို့ တိုင်းရင်းသားလက်နက်ကိုင်တွေ ဘယ်လိုဖြစ်ခဲ့လဲ၊ သမိုင်းမှာ ဘယ်လိုရှိခဲ့လဲ အဲ့အချိန်မှ စလေ့လာရင်း သိလာတာပါ။

ကျမရဲ့အိပ်မက်က မြန်မာနိုင်ငံမှာ အောင်မြင်တဲ့ အမျိုးသမီးဒရမ်တီးသူ တစ်ယောက်ဖြစ်ချင်တာ။ အဲ့တုန်းကဆို ကျမက အလုပ်လုပ်ရင်း တဖက်နဲ့ ဝါသနာပါတဲ့ ဒရမ်ပညာရပ်ကို အလုပ်နားရက်တွေမှာ



သင်ဖြစ်တယ်။ ကျမက အဲ့ပညာရပ်အပေါ်မှာ ရူးသွပ်ပါတယ်။ တကယ်ဆို မြန်မာနိုင်ငံအနေအထားနဲ့ ဒီလိုကိစ္စဟာ စိတ်ကူးယဉ်ရုံသက်သက်ပါ။ ဘာလို့ဆို အမျိုးသမီးတစ်ယောက်အနေနဲ့ ထိုးဖောက်ဖို့ဆိုတာ တကယ့်လက်တွေ့မှာ မလွယ်ကူလှပါဘူး။ ကိုယ်က အမျိုးသမီးတယောက်ဖြစ်နေတဲ့အတွက် ဒီနယ်ပယ်မှာ အောင်မြင်တဲ့သူမဖြစ်နိုင်ဘူးဆိုတဲ့ အမြင်တွေ၊ ခွဲခြားဆက်ဆံမှုနဲ့ အထင်သေးမှုတွေလည်း ကျမ အများကြီး ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသေးတယ်။ ကျမ ဒရမ်စသင်တဲ့အချိန်မှာ "နင်မဖြစ်နိုင်ဘူး၊ ခဏတာ ရူးသွပ်မှုတခုပါ"ဆိုတဲ့ စကားသံတွေ ကျမ ခဏခဏ ကြားရတယ်။ ဒါပေမယ့် ကျမ စိတ်ထဲမှာ ငါရအောင် လုပ်မယ်ဆိုတဲ့ စိတ်နဲ့ ဒရမ်ပညာရပ်ကို ရအောင် ဆက်သင်ခဲ့တယ်။

ကျမရဲ့ စိတ်အားထက်သန်မှုက အလကားတော့ ဖြစ်မသွားခဲ့ပါဘူး။ အဲ့အချိန်က ကျမ မှာ ဝါသနာတူတဲ့ တိုင်းရင်းသားအမျိုးသမီး ငါးယောက်လောက်ရှိတယ်၊ သူတို့နဲ့ အတူတူစုပေါင်းပြီး အမျိုးသမီးတီးဝိုင်း (Band) လေးတခုဖွဲ့စည်းနိုင်ခဲ့တယ်။ အဲ့အချိန်က ကျမအတော်လေး ပျော်ရွှင်ပီတိဖြစ်ခဲ့ရပါတယ်။ အဲ့အချိန်က မြန်မာနိုင်ငံမှာ အမျိုးသမီးချည်းသီးသန့် band မရှိသေးတော့ ကျမတို့အဖွဲ့ သီချင်းထွက်ရင် တခဲနက် အားပေးကြတယ်။ နောက်ထပ်သီချင်းအတွက် စပွန်စာပေးမယ်။ ကျမဆိုလည်း အမျိုးသမီးဒရမ်တီးသူဖြစ်တော့ တခြားတီးဝိုင်းတွေကပါ လာတီးပေးဖို့ ကမ်းလှမ်းချက်တွေ အရမ်းများခဲ့တယ်။ ၂၀၂၁ ခုနှစ် ၊ ၁ လပိုင်းမှာ တော်တော်လေးပျော်ခဲ့ပြီး အဆင်ပြေခဲ့တယ်။ ပျော်ရွှင်မှုတွေက မတည်မြဲခဲ့ပါဘူး၊ ၂၀၂၁ အာဏာသိမ်းမှုဖြစ်တော့ အဲ့က အရိုက်အခတ်က ကျမအိပ်မက်တွေကို အပိုင်းပိုင်းအစစပျက်စီးသွားစေခဲ့တယ်။ ကျမတို့အဖွဲ့ကို ထောက်ပံ့ပေးမယ့် အဖွဲ့အစည်း

ကလည်း မပေးဖြစ်တော့ဘူး။ အရာရာအားလုံးဟာ မျက်စိတမှိတ်အတွင်းမှာ စမ်းတဝါးဝါးဖြစ်သွားတယ်။

စစ်အာဏာရှင်ဆန့်ကျင်ရေး လမ်းပေါ်လူထုသပိတ်ပွဲတွေကို ကျမလိုက်ဖြစ်တယ်။ အဲ့အချိန်က ကျမက ကရင်နီအလံကို ဆောင်ထားလေ့ရှိတော့ ကရင်နီအလံနဲ့ ဆန္ဒပြဖြစ်တယ်၊ ကရင်နီလူမျိုးစုသပိတ်စစ်ကြောင်းကို ဦးဆောင်တယ်။ ဒါတွေကဘဲ ကျမကို လူမျိုးပေါင်းစုံအထွေထွေသပိတ်ကော်မတီ (GSCN) ရဲ့ ကရင်နီကိုယ်စားလှယ်လည်း ဖြစ်လာစေတယ်။ နောက်ပိုင်းမှာ အဖမ်းအဆီးတွေ ဆက်တိုက် ဖြစ်လာတော့ ကျမလည်းရှောင်ရတယ်၊ အဲ့တာနဲ့ ကရင်နီကိုပြန်တယ်။ ရန်ကုန်မှာတုန်းကသပိတ်တွေထွက်တော့လဲ ယောကျာ်းလေးတွေအများကြီး၊ ကျမက တစ်ယောက်ထဲ... သပိတ်တိုင်ဖို့၊ မိန့်ခွန်းပြောဖို့ဆို ကျမကိုပဲခေါ်တော့ လူပိုသတိထားမိတာလဲပါတယ်။ ကိုယ့်နယ်ပြန်ရောက်တော့လဲ တောက်လျှောက်သပိတ်ထဲမှာ ဦးဆောင်ဖြစ်တယ်။ အဲ့အချိန် လူငယ်တချို့လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ဖို့ ဆုံးဖြတ်ကြတော့ ကျမကိုလဲ စစ်သင်တန်းတက်မလားဆိုပြီးလာကမ်းလှမ်းကြတယ်။ ကျမလည်း ကိုယ့်ကိုယ်ကို လုံခြုံအောင်ကာကွယ်နိုင်ရင် ဒီအလုပ်တွေဆက်လုပ်နိုင်မယ်ဆိုတဲ့အတွေးနဲ့ ကရင်နီပြည်နယ်မှာ သပိတ်ဦးဆောင်သူတွေ၊ တက်ကြွလှုပ်ရှားသူတွေကို တိုးတိုးတိတ်တိတ်ခေါ်ယူနေတဲ့ စစ်သင်တန်းကို သွားတက်ဖို့ဆုံးဖြတ်ခဲ့တယ်။ ကျမမိဘတွေက နည်းနည်းရှေးရိုးဆန်တဲ့အတွက် သပိတ်တွေစသွားထဲက ကျမကို စိတ်ပူတယ်။ ပေးမသွားဘူး။ စစ်သင်တန်းတက်တဲ့အခါမှာလည်း ကျမကို မိဘတွေက ခွင့်မပြုပါဘူး။ ကျမတို့ တော်လေးအတိုက်အခံ စကားပြောခဲ့ကြရပါတယ်။ ကျမကတော့ ကိုယ်ယုံကြည်ရာကို အမြဲဦးစားပေးရွေးချယ်ခဲ့ပါတယ်။ ရအောင်သွားတက်ခဲ့တယ်။ ဒါပေမယ့်အခုထိ ကတောက်ကဆဖြစ်တုန်းပဲ။ "စစ်ဝတ်စုံနဲ့ဆို အိမ်ကို ပြန်မလာခဲ့နဲ့"ဆိုပြီးတော့ တောင်ပြောခဲ့တယ်။ တခါတလေတော့ စိတ်မကောင်းဖြစ်မိတယ်။ စစ်သင်တန်းကိုစသွားတက်တော့ ကျမက ဒီသင်တန်းပြီးရင် ရန်ကုန်ပြန်မယ်၊ အလုပ်လုပ်မယ်၊ ကျရာကဏ္ဍက နေဆက်ပြီး တော်လှန်မယ်ဆိုတဲ့ အတွေးပဲရှိခဲ့တယ်။

စစ်သင်တန်းတက်ပြီးသွားတဲ့အချိန်မှာ ဘဝတစ်ခုလုံး ပြောင်းလဲသွားတယ်။ ကရင်နီ ပြည်နယ်က တော်လှန်မျိုးဆက်တွေရဲ့ ဆင်းရဲဒုက္ခတွေကို မြင်လာတယ်။ ဒီလောက်ထိ ပင်ပန်းဆင်းရဲခံပြီး ကိုယ့်လူမျိုး၊ ပြည် နယ်လွတ်မြောက်ရေးအတွက် နှစ်ရှည်လများ လုပ်ခဲ့တဲ့သူတွေကို စာနာလာတယ်။ တကယ်တော့ စစ်သင်တန်းကကျမအတွက် အရမ်းခက်ခဲခဲ့ပါတယ်။ ကျမဘဝမှာအဲ့လို အရမ်းပင်ပန်းဆင်းရဲတာမျိုး မကြုံခဲ့ရဖူးဘူး။ မိဘအိမ်မှာနေတုန်းကလဲ အဲ့လိုအလုပ်ကြမ်းတွေ တခါမှ



မခိုင်းခံခဲ့ရဘူး။ သင်တန်းကာလအတွင်း ကြုံတွေ့ရတဲ့ ပင်ပန်းဆင်းရဲမှု၊ အစားအသောက်ဆင်းရဲမှုနဲ့ ခက်ခဲကြမ်းတမ်းမှုတွေကြောင့် မကြာခဏငိုရတယ်။ အဲ့ဒီ စိတ်အထိအရှတွေကဘဲ ကျမကို လုံးဝပြောင်းလဲသွားစေခဲ့တယ်။ ကျမ စိတ်ဓာတ်ကျရင်တောင် အမြဲတွေးမိတာက ငါထွက်သွားရင် ငါ့ပြည်နယ်ကို ဘယ်သူက ကာကွယ်မလဲ။ ငါတောက်လျှောက် ငါ့အတွက်ပဲ ငါ့အသက်ရှင်လာတာ၊ အခုကတော့ ငါ့လူမျိုးအတွက် အသက်ရှင်ကြည့်မယ်ဆိုပြီး ဖြစ်လာတဲ့ အထိပါဘဲ...။

သင်တန်းရောက်လာတဲ့အခါ အမျိုးသမီးကနည်းတော့ အမျိုးသမီးစုမှူးဖြစ်လာတယ်။ စုမှူးဆိုတာ အမျိုးသမီးတပ်သားတွေကို နှိုးဆော်ရတယ်၊ ဦးဆောင်ရပါတယ်။ တပ်ထဲမှာ စုမှူးဖြစ်ရတယ်ဆိုတာ ကိုယ့်တပ်သားတစ်ယောက်က စည်းကမ်းဖောက်လို့ ပြစ်ဒဏ်ပေးခံရ ပြီဆိုခေါင်းဆောင်က(၂)ဆ ခံရတယ်။ ဥပမာ- တပ်သားတွေက (၁၀)ချက်ဆို ကျမက အချက်(၂၀)(ဒိုက်)ထိုးပြီး အပြစ်ဒဏ်ခံရပါတယ်။ ဆရာတွေက ကိုယ့်ကိုအမြဲစောင့်ကြည့်နေတယ်၊ သတိနဲ့ အမြဲနေရတယ်၊ ကာယကြံ့ခိုင်ရေးအတွက်စစ်ဆင်ရေးတွေမက စိတ်ဓာတ်စစ်ဆင်ရေးတွေလဲ လုပ်ခံရတယ်။ စစ်သင်တန်းထဲရောက်တော့ မာနတွေအကုန် ကျိုးတာပါပဲ။ စစ်သင်တန်းပြီးတဲ့အခါ ရန်ကုန်ခဏပြန်တယ်၊ အလုပ်တွေပြန် hand over လုပ်ဖို့ပါ။ ပြီးတော့ အဖွဲ့အစည်းတစ်ခုက သုံးလသင်တန်းတက်ဖို့ ကမ်းလှမ်းခံရတဲ့အခါပြည်ပမှာ သုံးလသွားတက်ခဲ့တယ်။ ဒါပေမယ့် အဲ့ဒီ သုံးလအချိန်လေးအတွင်းမှာ ကျမရဲ့ ချစ်ခင်ရတဲ့ သူငယ်ချင်းတွေ၊ မထင်မှတ်ထားတဲ့သူတွေ တော်တော်များများ ဆုံးရှုံးလိုက်ရတယ်။ ဒီဆုံးရှုံးမှုတွေက သိလိုက်တာတစ်ခုက ကျမသာ သေသွားခဲ့ရင် မြန်မာနိုင်ငံမှာ အမျိုးသမီး drummer ဖြစ်ချင်တဲ့ ဆန္ဒတွေဖြစ်လာနိုင်တော့မှာ မဟုတ်ဘူး။ လက်ရှိကိုယ့်လူမျိုးတွေအတွက် လုပ်နိုင်တာ လုပ်ပေးချင်တယ်၊ ကိုယ့်လူမျိုးအတွက်ကိုယ် ကာကွယ်ချင်တယ်....စတဲ့ ခံယူချက်တွေ ပိုပြင်းထန်လာတယ်...။ ဒီလိုနဲ့ KNDF ကို ပြန်ဝင်လာခဲ့တယ်။ နောက်ပြီး ကျမက အမျိုးသမီးတစ်ယောက်အနေနဲ့ ကဏ္ဍအသီးသီးမှာ အမျိုးသမီးတွေရဲ့ ပါဝင်မှုက အဓိကကျတယ်ဆိုတာ ယုံကြည်တယ်။ ဘာလို့လဲဆိုတော့အမျိုးမီးတွေဆို စဉ်းစားတဲ့နေရာမှာ ထောင့်စေ့တယ်လေ၊ ဥပမာ- တနေရာမှာ တိုက်ပွဲဖြစ်တော့မယ်ဆို စစ်ဘေးရှောင်တွေဘယ်လိုလုပ်မလဲ၊ သက်ကြီးရွယ်အို၊ ကလေးတွေ ဘယ်လိုထားမလဲ၊ စသဖြင့် ထည့်သွင်းပြီးတွေးတယ်။ အမျိုးသားတွေကျတော့ တဖြောင့်ထဲတွေးတယ်။ တခါတရံကိုယ်မစဉ်းစားမိတဲ့ ရှုထောင့်သူတို့စဉ်းစားမိတာရှိပြီး၊ ကိုယ်တွေးမိတဲ့အရာကို သူတို့မတွေးမိတာလဲ ဖြစ်နိုင်တယ်။

အဲ့တာကြောင့် ဒီတော်လှန်ရေးမှာ အကုန်လုံးရဲ့ ဦးနှောက်တွေ၊ အရည်အချင်းတွေကို အသုံးချနိုင်ဖို့ အရေးကြီးတယ်။ အဲ့တာမှသာ ပြီးပြည့်စုံတဲ့နည်းဗျူဟာတွေ ကျမတို့စဉ်းစားနိုင်မယ်။ ဒီတော်လှန်ရေးမှာအမျိုးသမီးတွေပါလာမှုကအရင်တော်လှန်ရေးတွေထက်များတယ်၊ ဒါပေမယ့် သူတို့တွက် လိုအပ်တဲ့ထောက်ပံ့မှု၊ ပံ့ပိုးမှုတွေမရသလိုတော့

ဖြစ်နေတယ်။ စစ်ရှောင်စခန်းတွေ၊ ပြည်သူ့ကာကွယ်ရေး အဖွဲ့တွေမှာ ရှိနေတဲ့အမျိုးသမီး တွေဟာ လစဉ်သုံးပစ္စည်းတွေတောင် လုံလုံလောက်လောက် မရရှိနေကြဘူး။ အဲ့ဒီအတွက် သီးသန့်ရန်ပုံငွေတို့၊ လက်လှမ်းမှီဖို့ နည်းလမ်းတို့ အစုအဖွဲ့တွေထဲမှာ စဉ်းစားတာမျိုးမရှိဘူး။ စစ်ဝတ်စုံတွေရလာရင်တောင် တကယ်စစ်တိုက်နိုင်မယ့်သူ၊ အမျိုးသားတွေက စစ်တိုက်ရတော့ သူတို့ကိုပဲ ဦးစားပေးဖြစ်တယ်။ အမျိုးသမီးရဲဘော်တွေရှိနေပေမယ့် တကယ်စစ် တိုက်တဲ့နေရာတွေ၊ ဆုံးဖြတ်ချက်ချတဲ့နေရာတွေ မှာ ပါဝင်ရတဲ့ ပမာဏကနည်းနေပါသေးတယ်။ အကြောင်းအရင်းကို ပြောရမယ်ဆိုရင် ပထမတစ် ခုက တချို့အမျိုးသမီးရဲဘော်တွေကကိုယ်လိုချင်တာ ကို ရအောင်ပြောရမယ်မှန်းမသိဘူး၊ အမျိုးသမီးတွေ မလိုက်သွားနဲ့ဆိုရင် သူတို့က နားထောင်လိုက် ကြတာ၊ သူတို့ကိုယ်တိုင် ပါဝင်ဖို့၊ နေရာဝင်ယူဖို့ကို မသိ တာကတစ်ခုပါ။ နောက်တစ်ခုက အမျိုးသမီးရဲဘော် တွေဆို တိုက်ခိုက်နိုင်မယ် မထင်တာ၊ လုပ်နိုင်မယ် မထင်တာကတော့ ရှေးရိုးစွဲစံနှုန်းတွေကြောင့်ပေါ့။



ကျမတစ်ယောက်ထဲအနေနဲ့ဆိုရင် တော်လှန်ရေးမှာ ပါဝင်လာတဲ့အချိန် အမျိုးသမီးတစ်ယောက်ဖြစ်လို့ တွေ့ကြုံရတဲ့ အခက်ခဲဆုံးစိန်ခေါ်မှုကတော့ ပတ်ဝန်းကျင်ပါ။ ကျမဘဝ ဖြတ်သန်းလာတဲ့တစ်လျှောက် ပတ်ဝန်းကျင်စကားကိုနားထောင်တတ်တဲ့ အကျင့်ရှိတယ်။ ဒါတိုင်းပြည်အကျိုးလုပ်နေတာတောင်မှ အပြစ်ရှာပြီးပြောချင်တာကို စိတ်မကောင်းဖြစ်မိတယ်။ တဖြည်းဖြည်းနဲ့ ရင့်ကျက်လာတဲ့အချိန်မှာတော့ လျစ်လျူရှုနိုင်ခဲ့တယ်။ ကျမကရင်နီ အမျိုးသားများ ကာကွယ်ရေးတပ် (KNDF)ရဲ့သတင်းပြန်ကြား ရေးကဏ္ဍနဲ့ တပ်အတွက် ရန်ပုံငွေရှာဖွေတဲ့ ကမ်ပိန်းတွေ၊ ၊ စစ်ရှောင်ကလေးငယ်တွေနဲ့ အမျိုးသမီး ထောက်ပံ့ရေးပိုင်းတွေ ကူညီနေတယ်။


ကျမရဲ့ ဝါသနာတွေ စိတ်ကူးအိပ်မက်တွေကို ထမ်းပိုးထားရင်း စစ်အာဏာရှင်တော်လှန်ရေးမှာ တာဝန်ထမ်းဆောင်လာခဲ့တာ အခုဆိုရင် သုံးနှစ်နီးပါးရှိသွားပြီ။ ကျမအတွက် အတော်လေး လေးလံပါတယ်။

ကျမက ခေတ်စနစ်ကပေးလာတဲ့ တာဝန်ဖြစ်တဲ့ တော်လှန်ရေးတာဝန်တွေ ထမ်းဆောင်ဖို့ အကြီးမားဆုံးစွန့်လွှတ်ရတာကတော့ ဂီတအိပ်မက်ပါ။ ပြီးတော့ ချစ်တဲ့သူတွေကို ဆုံးရှုံးလိုက်ရတယ်။ ကျမဒီတော်လှန်ရေးထဲမှာ ထဲထဲဝင်ဝင်ပါသွားတော့ တချို့သူငယ်ချင်းတွေက အဖက်မလုပ်တော့ဘူး။ သူတို့လဲ လုံခြုံရေးအ ခြေအနေကြောင့်မို့လို့ဆိုတာ နားလည်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေ

စွန့်လွှတ်ရတာကိုတော့ အရမ်းမခံစားရပါဘူး။

တကယ်ဆိုရင် ကျမက မီးရှူးမီးပန်းဖောက်သံတွေနဲ့အတူ ပျော်ပွဲရွှင်ပွဲတွေ၊ အောင်ပွဲတွေမှာ ဒရမ်ကို အားရပါးရတီးနေရမှာ၊ အခုတော့ သေနတ်သံ၊ ဗုံးသံတွေနဲ့အပြိုင် ဒီသံစဉ်တွေကိုဘဲ ကျမတီး နေရတယ်။ တော်လှန်ရေးနဲ့ ပတ်သက်လို့ အခုလက်ရှိ အခြေအနေမှာတော့ ကျမ တတ်နိုင်သလောက် အစွမ်းကုန်ကြိုးစားလုပ်မယ်၊ ကျရာကဏ္ဍကနေ တာဝန်ကျေအောင် ကိုယ့်ပြည်နယ်နဲ့ လူမျိုးအကျိုးကို သယ်ပိုးသွားမယ်။

အရာအားလုံးအေးချမ်းတည်ငြိမ်သွားတဲ့တနေ့ ကျမအသက်ရှင်နေသေးတယ်ဆိုရင် ကျမရှူးသွပ်တဲ့ ကျမအိပ်မက်၊ ကျမဖြစ်ချင်တဲ့ drummer၊ Musician အဖြစ် ဂီတလမ်းကို ပြန်လျှောက်ပါဦးမယ်....



# SQUID GAME

# ရုပ်ရှင်မှတစ်ဆင့် ပါဝါသီအိုရီကို နားလည်ခြင်း

PHOEBE REBEL

## ပထမဆုံးပြောချင်တာကတော့

ဒီဆောင်းပါးဟာ ရုပ်ရှင်ဝေဖန်ရေးဆောင်းပါးတစ်ခု မဟုတ်ပါဘူး။ Squid Game ရုပ်ရှင်ထဲက ဖြစ်ရပ်၊ scenarios တွေကို ပါဝါသီအိုရီနဲ့ ချိန်ထိုးပြီး ပါဝါတည်ဆောက်ပုံ၊ ဖွဲ့စည်းပုံနဲ့ အလုပ်လုပ်ပုံတို့ကို နားလည်ဖို့ ချဉ်းကပ်ပြမှာဖြစ်ပါတယ်။ ဒီနေရာမှာ ကျမတို့က ဘာကြောင့် "ပါဝါတည်ဆောက်ပုံတွေကို နားလည်ဖို့လိုနေတာလဲ" လို့မေးခွန်းထုတ်စရာ ရှိနေပါတယ်။ ကျမတို့ နေထိုင်တဲ့လူမှုပတ်ဝန်းကျင်၊ လူမှုဆက်ဆံရေးတွေသည် အထက်၊ အောက်၊ ပါဝါများနဲ့ ချိတ်ဆက်ဆက်နွယ်ထားပြီး လက်ရှိ လူမှုအဖွဲ့အစည်းထဲမှာ ဖြစ်ပျက်နေတဲ့ မညီမျှမှုပြသနာတွေ (ဥပမာ- အာဏာရှင်စနစ်၊ လူတန်းစားမညီမျှမှု၊ ဂျန်ဒါတန်းတူမညီမျှမှု) အပါအဝင်သည်ပါဝါအချိုးအစား မညီမျှမှု၊ပါဝါကိုလွန်ကဲစွာလိုချင်မှု၊ပါဝါအသုံးချပုံလွဲမှားမှုများ စတာတွေကြောင့် ဖြစ်ပေါ်နေရခြင်း ဖြစ်ပါတယ်။ ကျမတို့ဟာ ပါဝါအလုပ်လုပ်ပုံကို နားမလည်၊ မသိခဲ့ရင် ကျမတို့ကိုယ်ကျမတို့ အချို့နေရာတွေမှာ အခွင့်ထူးခံရကြောင်း သိမှာမဟုတ်သလို၊ အချို့နေရာတွေမှာ ဖိနှိပ်ခံနေရကြောင်းသိနိုင်မှာ မဟုတ်ပါဘူး။ ဒီနေရာမှာ ဖိနှိပ်မှုလို့ ပြောရင် စစ်ရေးအာဏာ၊ လက်နက်များအသုံးပြုတဲ့ ထင်သာမြင်သာ ရှိသော ဖိနှိပ်မှုများရှိသလို၊ အပေါ်ယံအားဖြင့် မသိသာသော ဖိနှိပ်မှုတွေလဲရှိနေနိုင်ကြောင်းသတိချပ်ရပါမယ်။ "ပါဝါအလုပ်လုပ်ပုံကို နားမလည်ရင်၊ ဖိနှိပ်မှုကို မသိနိုင်ပါ"။ ပါဝါဟာ နှစ်စုနှစ်ဖွဲ့၊ နှစ်ဘက် (သို့မဟုတ်) နှစ်စုထက်ပိုသော ဆက်ဆံရေးတိုင်းမှာ တည်ရှိပါတယ်။ ဥပမာ- မိဘ-သားသမီး၊ သူငယ်ချင်းများအချင်းအချင်း၊ ဆရာ-တပည့်၊ ချစ်သူသမီးရည်းစား၊ အလုပ်ရှင်-ဝန်ထမ်း၊ လုပ်ဖော်ကိုင်ဖက်အချင်းချင်း၊ မိတ်ဆွေများအကြား၊ အစိုးရ- ပြည်သူ စတဲ့ဆက်ဆံရေးတိုင်းမှာ တည်ရှိနေပါတယ်။ ဒါဆို သူတို့ ဘယ်လိုပုံစံနဲ့ တည်ရှိနေတာလဲ?

## မြင်သာသောပါဝါ (Visible Power)

မြင်သာတဲ့ပါဝါဆိုတဲ့အတိုင်း အလွန်ရိုးရှင်းသိသာ သော ပါဝါပုံစံဖြစ်ပါတယ်။ အများသောအားဖြင့် တရားဝင်နဲ့ လူသိထင်ရှား နိုင်ငံရေးအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့များ၊ အခွင့်အာဏာပိုင် အဖွဲ့အစည်းများ၊ ဥပဒေအရလွှမ်းမိုးနိုင်



သူများ၊ လက်နက်ကိုင်အဖွဲ့အစည်းများ၊ စည်းမျဉ်းချမှတ်ခွင့် နဲ့ ဆုံးဖြတ်ချက်ချပိုင်ခွင့်ရှိသူများမှာ ဒီပါဝါကို ထင်ရှားစွာတွေ့ မြင်ရပါတယ်။

Squid Game ရဲ့ ပထမဦးဆုံး အပိုင်း (၁) မှာ လက်နက် ကိုင်အစောင့်အကြပ်များ ပေါ်လာတဲ့

အခန်းကို အားလုံးမှတ်မိကြမယ်ထင်ပါတယ်။ ရုပ်ဝတ္ထုအရကိုင်ထားတဲ့၊ အကြောက်တရားဖြင့်ထိန်းချုပ်ထားတဲ့ လက်နက်များမှာ ပါဝါရှိနေပြီး၊ ကစားပွဲကို စတင်ကျင်းပသော အဖွဲ့အစည်းဟာလဲ ကစားပွဲတည်ဆောက်ပုံစနစ်နဲ့ စည်းမျဉ်းစည်းကမ်းများကို ကြိုတင်ချမှတ်ထားပြီးသားဖြစ်သလို သူတို့ရဲ့ ကစားနည်းအတိုင်းမလိုက်နာသူများကို ကြိုက်သလိုစီရင်ပိုင်ခွင့် ရှိနေပါတယ်။ ဒါဟာ ထင်သာမြင်သာတဲ့ ပါဝါရဲ့ ပြယုဒ်များပဲ ဖြစ်ပါတယ်။ တခါတရံမှာတော့ တရားဝင်အာဏာနဲ့ ကစားနည်းစည်းမျဉ်းများကို ချယ်လှယ်ခွင့်မရထားသော်လည်း အပေါ်ယံအရ၊ (ဥပမာ-ရုပ်ကာယအင်အား) အရ သာလွန်သူများမှာ မြင်သာတဲ့ပါဝါဟာ ရှိနှင့်နေပြီးသားဖြစ်တတ်ပါတယ်။ ဥပမာ - ဗီလိန်ဖြစ်တဲ့ ဂျန်ဒေါက်ဆူ ရဲ့ ဇာတ်ကောင်ပါပဲ။ သူဟာ ခွန်အားဗလကြီးသလို၊ လက်ရဲဆတ်ရဲမိုက်ကန်းရဲသူ ဖြစ်တာကြောင့် တပည့်များ၊ ခိုလှုံလိုသူ နောက်လိုက်နောက်ပါများရှိလာတာဟာ သူ့ကို အော်တိုမြင်ရတဲ့ပါဝါရရှိထားပြီးကြောင်း သိရှိနိုင်ပါတယ်။ ဒါကြောင့် အဖွဲ့ငယ်တစ်ခုအတွင်းမှာ သူကခေါင်းဆောင်ဖြစ်လာပြီးဆုံးဖြတ်ပိုင်ခွင့်ရှိသူဖြစ်လာပါတယ်။

## ဖုံးကွယ်ထားသောပါဝါ (Hidden Power)

ဖုံးကွယ်ထားသော ပါဝါများကတော့ အခြေအနေတစ်ခုရဲ့ ရလာဒ်နဲ့တရားဝင်ဆုံးဖြတ်ချက်များကို ထင်ရှားစွာ ဆုံးဖြတ်ခွင့်မရပေမယ့် နောက်ကွယ်မှတဆင့် ကြိုးကိုင်ချယ်လှယ်ခွင့်၊ ပြောင်းလဲခွင့်၊ တစိတ်တဒေသအားဖြင့် ပါဝင်လွှမ်းမိုးခွင့်ရရှိနေသော အခြေအနေ၊ အခွင့်အရေးများပဲ ဖြစ်ပါတယ်။ ဥပမာ - ခွဲစိတ်ဆရာဝန်ဇာတ်ကောင်ရဲ့ နေရာ ကို ပြေးမြင်ကြည့်ရအောင်...။ သူဟာ ဒီကစားပွဲရဲ့ စည်းမျဉ်းစည်းကမ်းများကို ပြောင်းလဲခွင့်၊ ရလာဒ်များကို



လွှမ်းမိုးပိုင်ခွင့်မရှိပေမယ့်၊ နောက်ကွယ်ကနေ အလောင်းများကို ကိုယ်တွင်းအင်္ဂါထုတ်ရောင်းခွင့်ရဖို့ ခွဲစိတ်ပေးခြင်းအားဖြင့် နောက်လာမယ့်ကစားနည်းကို ကြိုတင်သိရှိရတဲ့ အခွင့်အရေးရရှိထားပါတယ်။ ဒီလိုကနေတဆင့် ဖုံးကွယ်ထားတဲ့ ပါဝါတစ်ခု သူ့ဆီမှာ ရှိနေတယ်လို့ဆိုနိုင်ပြီး သွယ်ဝိုက်သောနည်းလမ်းအားဖြင့် အနိုင်၊အရှုံးရလာဒ်ကို ပြောင်းလဲခွင့်၊ရွေးချယ်ခွင့်ရရှိနေပါသေးတယ်။ ဒီလိုပဲ ပြင်ပလောကကမ္ဘာမှာတော့ ခရိုနီများ၊ ငွေကြေးချမ်းသာကြွယ်ဝသူများနဲ့ အာဏာရှိသူ၊ ခေါင်းဆောင်သူများရဲ့ ဆွေမျိုးတော်စပ်သူများဟာ နိုင်ငံရေး၊ စီးပွားရေးတွေကို တရားဝင်ပေါ်ပေါ်ထင်ထင်ဆုံးဖြတ်ပိုင်ခွင့် မရှိပေမယ့် နောက်ကွယ်တဆင့် ကြိုးကိုင်ချယ်လှယ်ခွင့်များကို ရရှိထားသူများဟာ ဖုံးကွယ်ထားသောပါဝါ ပိုင်ရှင်များပဲ ဖြစ်ပါတယ်။ နောက်ထပ် ဇာတ်ကောင်ကတော့ ဟန်မီညို့ဆိုတဲ့ ဗီလိန်အမျိုးသမီးရဲ့ ဇာတ်ကောင်ပဲ ဖြစ်ပါတယ်။

သူက အင်အားကြီးတယ်၊ အများထက်သာတယ်လို့ထင်ရတဲ့ ဂျန်ဒေါက်ဆူရဲ့ အဖွဲ့ထဲကို ဝင်ရဖို့ ဒေါက်ဆူနဲ့ လိင်ဆက်ဆံပြီး အပေးအယူလုပ်ခဲ့ပါတယ်။ တကယ်အဖွဲ့ကို ဆုံးဖြတ်ချက်ချဖို့ တရားဝင်အာဏာ (Visible Power) သည် ဗီလိန်ဒေါက်ဆူ လက်ထဲမှာရှိသော်လည်း အဖွဲ့ထဲကို ဝင်ခွင့်ရဖို့ တရားမဝင်သော နောက်ကွယ်ကနည်းလမ်းကို အသုံးပြုခြင်းဟာဆိုရင်လဲ တစ်နည်းအားဖြင့် ဖုံးကွယ်ထားတဲ့ ပါဝါတစ်မျိုး (Hidden Power) ပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ ဒီလို လိင်ကိစ္စအပေးအယူလုပ်ခြင်းအပေါ် တွန်းပို့တဲ့ ပါဝါမညီမျှမှုတွေနဲ့ သူမရဲ့ အကြောင်းကို နောက်ထပ်လာမယ့် စာပိုဒ်များမှာ ထပ်မံ ချိတ်ဆက်သွားပါဦးမယ်။

## မမြင်ရသောပါဝါ (Invisible Power)

မမြင်ရတဲ့ ပါဝါ ကတော့ လူမှုတန်းတူမညီမျှမှုတွေမှာ အလွန်အရေးပါစွာ နေရာယူထားပြီး နာမည်အတိုင်းပဲ သိသာစွာမမြင်ရတာကြောင့် လူအများက နားလည်နိုင်မှု၊ သတိပြုနိုင်မှု အနည်းဆုံးသော ပါဝါပဲ ဖြစ်ပါတယ်။ ခေတ်စကားအရ ပြောရရင် "ဆိုက်ကိုထည့်တယ်" လို့ ပြောလို့ ရမယ်ထင်ပါတယ်။ အဓိကအချက်ကတော့ အခြေအနေတစ်ခု၊ ဖြစ်စဉ်တစ်ရပ်မှာ ပါဝင်သူတွေ၊ ပတ်သက်သူတွေကို ကြိုးကိုင်ချယ်လှယ်ချင်သူတွေက လိုသလို ကြိုးကိုင်ခွင့်ရအောင် တွေးခေါ်ပုံတွေကို စနစ်တကျရိုက်သွင်းထားပြီးပြုလုပ်ထားတဲ့ သာမာန်အားဖြင့်၊ လျှပ်တစ်ပြက်အားဖြင့် မမြင်နိုင်သောထိန်းချုပ်ချုပ်ကိုင်မှုစနစ်ဖြစ်ပါတယ်။ ဆိုပါစို့ နည်းလမ်းတစ်ခုက ဟုတ်ကိုဟုတ်တယ်၊ လုပ်ကိုလုပ်ရမယ်၊ အမှားကအမှန် စသဖြင့်တွေးထင်ရအောင် စနစ်တကျ ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ထားတာကို ဆိုလိုပါတယ်။ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် စိတ်ပိုင်းဆိုင်ရာနဲ့ တွေးခေါ်မှုပုံစံကို လွှမ်းမိုးခြင်းကနေတဆင့် လိုချင်တဲ့လုပ်ဆောင်မှု၊လိုက်နာမှု ရရှိလာအောင် စနစ်တကျရိုက်သွင်းထားတဲ့၊ တည်ဆောက်ထားတဲ့အာဏာပါဝါပါပဲ။ ဒီလိုလုပ်ဆောင်ခြင်းအားဖြင့် လူတွေက မိမိကိုယ်တိုင် (ဒါမှမဟုတ်) သူတစ်ပါးရဲ့ ဖြစ်တည်မှု၊ လုပ်နိုင်စွမ်း၊ ရွေးချယ်ခွင့်၊ ရပိုင်ခွင့်တွေကို လုံးဝသတိမမူမိတော့ပဲ ချယ်လှယ်သူများ၊ ကစားပွဲစီစဉ်သူများ ချမှတ်ပေးထားတဲ့ နည်းလမ်း၊ ဘဝနေထိုင်မှု၊ လူမှုစနစ်သာလျှင် အမှန်လို့ ထင်မှတ်တွေးခေါ်လာခြင်း ဖြစ်စေပါတယ်။ ဒါကြောင့် ဒီမမြင်ရတဲ့ ပါဝါဟာ ကြောက်စရာအကောင်းဆုံးနဲ့ စွမ်းအားအရှိဆုံးလို့ ကျမက သတ်မှတ်ချင်ပါတယ်။ Squid Game ထဲက ဇာတ်လမ်းအဖြစ်အပျက်များနဲ့ ဥပမာချိန်ထိုးရမယ်ဆိုရင် ကစားပွဲကို ပါဝင်လာသူမယ့်များကို ပစ်မှတ်ထားစည်းရုံးရာမှာ (Vulnerable Group) အင်အားနည်းသူအုပ်စု၊ ချို့ယွင်းချက်ရှိသူ၊ ငွေအမြောက်အများကို အရေးတကြီးလိုအပ်သူများကို အဓိကထားရွေးချယ်ထားပါတယ်။ သူတို့ရဲ့ နောက်ကြောင်းရာဇဝင်တွေအရ ငွေနဲ့ မက်လုံးပေးပြီး စည်းရုံးသိမ်းသွင်းရင်၊ သူတို့အားနည်းချက်ကို ချုပ်နိုင်ရင် အလွယ်တကူပါဝင်လာဖို့ သေချာအကွက်ချစီစဉ်ထားတာပါ။ ဒါကိုလဲပြိုင်ပွဲဝင်များရဲ့ နောက်ကြောင်းရာဇဝင်များကို ပြောပြရာမှာ သူတို့ကိုယ်သူတို့ အခြေအနေသတိထားမိအောင် ပြန်အသိပေးပြောပြ

ထားပါတယ်။ ဒါ့အပြင် ဝက်စုဘူးအရုပ်ထဲက မီလီယံနဲ့ ချီတဲ့ဒေါ်လာပိုက်ဆံများကို ပြပြီး ဒီငွေတွေကို ရဖို့ လိုကိုလိုအပ်တယ်လို့ တွေးထင်လာအောင် ထပ်မံပြုလုပ်ထားပါသေးတယ်။ တကယ်တမ်း ပထမကစားပွဲစတင်ပြီးတော့ အသက်ကိုပါရင်းရမယ်လို့ သိသွားကြတဲ့အချိန်မှာ အားလုံးက ကစားပွဲကို ရပ်တန့်ကြဖို့ မဲဆန္ဒနဲ့ ဆုံးဖြတ်ပြီး အိမ်ကို ပြန်ခွင့်ရရှိခဲ့ကြပါတယ်။ ဒါပေမယ့် အဲ့နေရာမှာတင် မပြီးဘဲ သူတို့တွေအတွက် ငွေကြေးကို မဖြစ်မနေရှာရတော့မယ့်အခြေအနေ၊ တကယ်လိုအပ်သယောင် အခြေအနေတွေ ဖြစ်လာအောင် ဖန်တီးပြီး ကစားပွဲကို မိမိဆန္ဒနဲ့ ပြန်ဝင်လာအောင် လုပ်ခဲ့ပါတယ်။ ဒါဟာဆိုရင် မမြင်ရတဲ့ ပါဝါကို အသုံးချမှုပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ တကယ်ပဲ လွတ်လပ်စွာရွေးချယ်ခွင့်တွေ ရှိသယောင်ယောင်နဲ့ စီစဉ်သူ၊ အာဏာရှိသူတွေ ကြိုတင်ချမှတ်ထားတဲ့ အတိုင်း ရွေးချယ်ဖြစ်အောင် စနစ်တကျလုပ်ဆောင်ထားတာပါ။ နောက်ထပ် မမြင်ရတဲ့ပါဝါတစ်ခု ကတော့ ချိုဆန်ဝူးနဲ့ အဗ္ဗဒူအာလီ တို့ရဲ့ မိတ်ဆွေဆက်ဆံရေးကြားက မမြင်ရတဲ့ ပါဝါဖြစ်ပါတယ်။ ချိုဆန်ဝူး ဟာ ဇာတ်ကောင်ရှင်းပြချက်အရ ပညာထူးချွန်ပြီး ဉာဏ်ကောင်းသူ၊ ရှေ့ပြေးအခြေအနေတွေကို တွက်ချက်နိုင်သူလို့ ယူဆရတယ်။ အဗ္ဗဒူကို စတင်သိကျွမ်းကတည်းက အကူအညီတွေပေးခဲ့တယ်၊ ကျေးဇူးပြုခဲ့ဖူးတယ်။ ဒါပေမယ့် သူဟာ အဗ္ဗဒူရဲ့ ယုံကြည်မှုကို ဖြည်းဖြည်းချင်းတည်ဆောက်ယူနေတာသာဖြစ်ပြီး၊ လိုအပ်ရင် ထိုးကျွေးဖို့သက်သက်အသုံးချဖို့ သက်သက် စနစ်တကျ မိတ်ဆွေဖွဲ့ထားတာသာ ဖြစ်ပါတယ်။ အဗ္ဗဒူဟာ ချိုဆန်ဝူးကို ယုံကြည်လာပြီး၊ သူ့ကို စိတ်ချရတဲ့ တွဲဘက်၊ ကစားဖော်ကစားဖက်လို့ ထင်မြင်လာစေတယ်။ ဒီလို ထင်မြင်လာတဲ့အတွက် နောက်ဆုံးမှာ သူဟာ ချိုဆန်ဝူး အပြောကို ဟုတ်မှာပဲလေလို့ ယုံကြည်ပြီး အသက်ဆုံးခဲ့ရတယ်။ ချိုဆန်ဝူးအတွက်တော့ အဗ္ဗဒူရဲ့ ယုံကြည်မှုဟာ သူ့ရဲ့ သက်ဆက်ရှင်ရေး၊ အနိုင်ပွဲအတွက် ပါဝါတစ်ခု၊ လက်နက်တစ်ခု ဖြစ်လာပါတယ်။ ဒီလို ယုံကြည်မှုရလာအောင် စနစ်တကျတည်ဆောက်ခြင်းဟာ မမြင်ရတဲ့ပါဝါကို အသုံးချခြင်း ဖြစ်ပါတယ်။ ကစားပွဲစည်းမျဉ်းအရ သတ်မှတ်ချိန်အတွင်း အသင်းအဖွဲ့ မရှာနိုင်သူတွေဟာ အသတ်ခံရမှာဖြစ်ပြီး အသင်းသားတွေရွေးချယ်ရာမှာ အာဏာရရှိထားတဲ့



အဖွဲ့ခေါင်းဆောင်များရဲ့ အတွေးအခေါ်၊ စဉ်းစားမှုနဲ့ ရွေးချယ်နိုင်စွမ်းဟာ မမြင်ရတဲ့ ပါဝါတစ်ခုဖြစ်ပါတယ်။ ခေါင်းဆောင်တွေဟာ အသင်းသားတွေကို ရွေးချယ်ရာမှာ အချို့နေရာတွေမှာ အင်အားသုံးရတဲ့ ကစားပွဲဖြစ်လို့ အင်အားနည်းတယ်လို့ ထင်ရဟန်ရှိတဲ့ အမျိုးသမီးနဲ့ သက်ကြီးရွယ်အိုဆိုရင် အနိုင်ရနိုင်မှာ မဟုတ်ဘူးဆိုတဲ့ တစ်ထစ်ချ ကောက်ချက်ချမှုနဲ့ အတွေးအခေါ်ကို တန်းပြီးဖြစ်ပေါ်စေတဲ့အတွက် ခွဲခြားမှု၊ ဖယ်ကျဉ်ထားမှုတွေ စတင်ပေါ်ပေါက်လာတာဟာ မမြင်ရတဲ့ပါဝါနဲ့ သူ့အကျိုးဆက်ရဲ့ အကောင်းဆုံးဥပမာတစ်ခုပါ။ နောက်တစ်ခုကတော့ ကစားပွဲပြိုင်ပွဲဝင်နေသူအချင်းချင်း စိတ်ဝမ်းကွဲမှုကို ဖြစ်စေဖို့ ကစားပွဲ စီစဉ်သူများက စနစ်တကျဖန်တီးထားပါတယ်။ ကစားပွဲစည်းမျဉ်းအရ နောက်ဆုံးကျန်ရှိသူကသာ ဘီလီယံနဲ့ချီတဲ့ ငွေများကို ပိုင်ဆိုင်နိုင်မှာ ဖြစ်လို့ အချင်းချင်း အချိန်မရွေး၊ အန္တရာယ်ပြုဖို့၊ စိတ်ဝမ်းကွဲဖို့ စနစ်တကျ အကွက်ချထားပြီးသား ဖြစ်တယ်။ ဒီလို လုပ်ခြင်းအားဖြင့် အကျိုးအမြတ်ရှိသူကတော့ ပွဲစီစဉ်သူများပဲ ဖြစ်တယ်။ ဒီလို ကစားပွဲစနစ်တွေကို စနစ်တကျ တည်ဆောက်ပြီး စိတ်ဝမ်းကွဲမှု၊ မယုံကြည်မှုတွေ၊ သံသယတွေကို ဖြစ်ပေါ်စေတာကလဲ မမြင်ရတဲ့ပါဝါ (Invisible Power) သာဖြစ်ပါတယ်။ အထက်က ဖော်ပြထားတဲ့ ပါဝါသုံးခုစလုံးကို ယှဉ်ပြီးတော့ ပြောပြရမယ်ဆိုရင် ကစားပွဲထဲဝင်ခွင့်ရဖို့ အသင်းအဖွဲ့ဖွဲ့တဲ့ ဖြစ်ရပ်ကို ဥပမာပေးချင်ပါတယ်။ အသင်းအဖွဲ့ထဲ ဘယ်သူ့ကို ထည့်မယ်၊မထည့်ဘူးဆိုတဲ့ ဆုံးဖြတ်ချက် ချပိုင်ခွင့်ဟာ မြင်သာတဲ့ပါဝါ (visible power) ဖြစ်ပြီး၊ ပါဝင်ခွင့် (သို့မဟုတ်) ဆုံးဖြတ်ခွင့်ကို လာဘ်ထိုးခြင်း(သို့မဟုတ်) နောက်ကွယ်က ချယ်လှယ်နိုင်ခြင်းဟာ ဖုံးကွယ်ထားတဲ့ပါဝါ (Hidden Power) ဖြစ်ကာ၊ ခေါင်းဆောင်တွေရဲ့ ဆုံးဖြတ်ချက်ချရန် စဉ်းစားသုံးသပ်တွေးခေါ်နိုင်မှုကို လွှမ်းမိုးနိုင်တာဟာ မမြင်ရတဲ့ ပါဝါ (Invisible Power) ဖြစ်ပါတယ်။ ဒါဆိုရင် ဒီပါဝါပုံစံ သုံးမျိုးကို ရှင်းလင်းစွာ နားလည်မယ်လို့ မျှော်လင့်ပါတယ်။ ဒီပါဝါသုံးမျိုးဟာ တစ်ခုစီသီးခြားရှိနေတတ်သလို၊ တခါတရံ တစ်ခုနဲ့ တစ်ခု ချိတ်ဆက်နေတာမျိုး၊ အပြန်အလှန်အထောက်အပံ့ပေးနေတတ်တာမျိုးလဲ ရှိပါတယ်။ အဓိကအားဖြင့်တော့ ဂျန်ဒါတန်းတူမညီမျှမှုနဲ့ လူမှုခွဲခြားဆက်ဆံမှုပြဿနာတွေမှာ ဖုံးကွယ်ပါဝါနဲ့ မမြင်ရတဲ့ ပါဝါတွေဟာ များသောအားဖြင့် တရားခံဖြစ်နေပြီး လူအများသတိမမူမိပဲ ရှိနေတတ်ပါတယ်။ ဖုံးကွယ်ပါဝါနဲ့ မမြင်ရတဲ့ပါဝါတွေကို နားမလည်တဲ့အခါမှာ ပြဿနာတွေကို အပေါ်ယံကသာ ဆုံးဖြတ်ချက်၊ ကောက်ချက်ချပြီး နက်နက်နဲနဲဆင်ခြင်သုံးသပ်နိုင်စွမ်းမရှိတော့တဲ့အတွက် ကိုယ့်ကိုယ်ကိုယ် အခွင့်ထူးခံရမှု (သို့မဟုတ်) အခွင့်အရေးဆုံးရှုံးနေမှုကို မသိမြင်နိုင်သလို ဖိနှိပ်မှု (သို့မဟုတ်) ဖိနှိပ်ခံရမှု ပြဿနာတွေကို မြင်နိုင်စွမ်းမရှိတော့ပါဘူး။ ဒါကြောင့်ပဲ ကျားမအခြေပြုခွဲခြားမှုတွေ ဖြစ်လာတဲ့အခါဖိနှိပ်မှုတွေကိုမမြင်တော့ဘဲ "နင်တို့အမျိုးသမီးတွေကို ဘယ်မှာခွဲခြားဆက်ဆံနေလို့လဲ"၊ "တော်ရင်သူ့သူ နေရာရလာမှာပေါ့"၊ "အဲ့တာဖိနှပ်တာမှ မဟုတ်တာ၊ အခြေအနေအရဖြစ်လာတာ"၊ "ဒါကဟာသသက်သက်ပဲ၊ ဟာသလိုပဲကြည့်လေ။"ဆိုတဲ့ ကောက်ချက်ချမှုတွေကို ဖြစ်လာစေတာပါပဲ။ ဥပမာအားဖြင့်ပြရမယ်ဆိုရင် အိမ်တွင်းအကြမ်းဖက်

မှု၊ သမီးရည်းစားချင်းအကြမ်းဖက်မှုတွေမှာ ပြသနာဖြစ်ပြီး ပြန်ပေါင်းထုပ်ကြတဲ့အခါ အများသောအားဖြင့် ကျူးလွန်ခံရတဲ့အမျိုးသမီးတွေကို "တွေ့လား၊ နောက်ဆုံးကျတော့ ပြန်ပေါင်းတာပဲ"၊ "ကာကွယ်ပေးလဲမထူးဘူး၊ အလကားပါကွာ"၊ "ပြီးရင်လဲ ပြန်အဆင်ပြေသွားကြတာပဲ" စသဖြင့် အပေါ်ယံသုံးသပ်ဝေဖန်မှုများကို ပြုလုပ်လေ့ရှိကြတယ်။ ဒီနေရာမှာ အများစုထည့်သွင်းစဉ်းစားမှု မရှိတာသည် နောက်ကွယ်က ချယ်လှယ်နေတဲ့ (Hidden Power)၊ ဥပမာ- မိသားစု၊သူငယ်ချင်းများရဲ့တွန်းအားနဲ့လွှမ်းမိုးမှု၊ လူမမြင်တဲ့ နောက်ကွယ်က ကျူးလွန်သူရည်းစားရဲ့ ချိန်းခြောက်အကြပ်ကိုင်မှုအခြေအနေ၊ စီးပွားရေးဆိုင်ရာမှီခိုရမှု/မတွန်းလှန်နိုင်မှု၊ ထောက်ထားစရာမျက်နှာများ၊ ပတ်ဝန်းကျင်နဲ့ ယဉ်ကျေးမှုဖိအားတွေဟာ ထည့်သွင်းစဉ်းစားရမယ့် ဖုံးကွယ်ပါဝါ (Hidden Power) များဖြစ်ပါတယ်။ ဒါ့အပြင် ကျူးလွန်ခံရသူအမျိုးသမီးအနေနဲ့ "ကျူးလွန်သူအမျိုးသားနဲ့ ကင်းကွာအောင်နေနိုင်မှာ မဟုတ်ဘူး"၊ "သားသမီးတွေမျက်နှာရှိသေးတယ်"၊ "မိဘမျက်နှာပိုအရေးကြီးတယ်"၊ "အရက်တကွဲအကျိုးနည်းဖြစ်မယ်"၊ "စီးပွားရေးအရ ငါတစ်ယောက်ထဲမရပ်တည်နိုင်လောက်ပါဘူး"၊ "သူကဒေါသထွက်သွားလို့ပါ"၊ "ငါ့ကိုတော့တကယ်ချစ်ရှာပါတယ်"၊ "လင်မယားဆိုတော့တခါတလေလက်လွန်တတ်တာပဲ နေမှာပါ" စသဖြင့် တွေးခေါ်ချတ်ခြုံကျမှု၊ မလွတ်မြောက်မှုကို ဖြစ်စေတဲ့ မြစ်ဖျားခံရာဟာ သမိုင်းအစဉ်အဆက် အမျိုးသမီးများကို ဘောင်ခတ်ထားတဲ့ အစဉ်အလာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ သင်ကြားမှု၊ ကြီးပြင်းမှု၊ လူမှုအဖွဲ့အစည်းတစ်ခုလုံး၊ တဖက်သတ်စွဲချက်များက စနစ်တကျရိုက်သွင်းခံထားရပြီး အရိုးစွဲနေတဲ့ မမြင်ရသောပါဝါများ (Invisible Power) များ ဖြစ်ပါတယ်။ဒီလို ရှိနေကြောင်းကို မသုံးသပ်နိုင်ခြင်းကြောင့် အပေါ်ကပြောခဲ့တဲ့ victim blaming တွေထပ်မံပေါ်ပေါက်လာပါတယ်။

ဟန်မီညိုရဲ့ ဇာတ်ကောင်ကို ပြန်ချိတ်ဆက်ကြည့်မယ်ဆိုရင်လဲ သူဟာ မျှတတဲ့ပါဝါခွဲဝေမှု မရှိတဲ့အခြေအနေမှာ အသက်ရှင်သန်ရပ်တည်ရေးအတွက် ရရာပါဝါကို အသုံးချရတယ်လို့ မြင်နိုင်ပါတယ်။ ဥပမာ- ကစားပွဲစနစ်ကသာ တရားမျှတစွာအသင်းအဖွဲ့ဖွဲ့ခွင့်ပေးထားရင်(သို့မဟုတ်) သူ့မှာသာ ဆုံးဖြတ်ပိုင်ခွင့်နေရာမှာ တန်းတူညီမျှစွာ ရှိနေရင် သူဟာ အသင်းအဖွဲ့တစ်ခုမှာ ပါဝင်ခွင့်ရဖို့ရန်အတွက် အသွေးအသားကို အလဲအလှယ်လုပ်တဲ့အဆင့်ရောက်ချင်မှ ရောက်မယ်လို့ စဉ်းစားလို့ရတယ်။ ဒီအခြေအနေမှာ ကျမတို့အဓိက အပြစ်တင်ရမှာသည် ပါဝါမညီမျှမှုကို ဖြစ်စေတဲ့ စနစ်ဖြစ်တယ်။ ဒါကြောင့် ကျမတို့ဟာ လူမှုရေးပြသနာတွေကို အဖြေရှာတဲ့နေရာမှာ ပါဝါကွဲပြားမှုတွေနဲ့ ချိန်ထိုးပြီး စဉ်းစားသုံးသပ်မှသာလျှင် ပြသနာတွေအတွက် မျှတတဲ့နည်းလမ်းနဲ့ အဖြေမှန်ကို ရရှိနိုင်မှာဖြစ်တယ်လို့ ပြောချင်ပါတယ်။ နောက်လာမယ့် စာစဉ် အမှတ်စဉ်များမှာလဲ Squid Game ထဲက "ပါဝါသီအိုရီများ" အကြောင်း ကို ဆက်လက်တင်ဆက်သွား မှာဖြစ်လို့ စောင့်မျှော်ဖတ်ရှုကြဖို့ ဖိတ်ခေါ်ပါတယ်။

**Ref:**

**Finding Spaces for Change (Gaventa, 2006)**

**All About Power (Batliwala, 2019)**

# လိင်ပိုင်းဆိုင်ရာ ပညာပေးဆိုတာ လိင်ဆက်ဆံတဲ့ အကြောင်းပဲလား...?

လိင်နဲ့မျိုးဆက်ပွါးကျန်းမာရေး ၊ လိင်ပိုင်းဆိုင်ရာ ပညာပေးလို့ ပြောလိုက်ရင် အားလုံးတန်းမြင် တတ်ကြတာက လိင်ဆက်ဆံဖို့သင်ပေးမယ်၊ အနော က်တိုင်းစံနှုန်းတွေကို ကူးစက်စေမယ်လို့ ထင်တတ် ကြတယ်။ မြန်မာပြည်မှာဆိုရင် ဆယ်ကျော် သက်တွေကို ဒါတွေသင်ပေးတဲ့အခါ သူတို့က လိင်ပိုဆက်ဆံကြမယ်လို့ ထင်တတ်ကြတယ်။ အဲ့ဒီအယူအဆကို နှစ်ပိုင်းခွဲကြည့်ကြရအောင်။

၁) မြန်မာပြည်က ဆယ်ကျော်သက်တွေက လုံးဝလိင်မဆက်ဆံပဲနေနေကြတာလား?

၂) လိင်ပိုင်းဆိုင်ရာပညာပေးကို သိရင် ပိုပြီး လိင်ဆက်ဆံကြမှာလား?

နံပါတ် (၁) ကိုတော့ လက်ရှိ ရှိသလောက် မြန်မာပြ ည်ကစစ်တမ်းနဲ့ပဲ ကြည့်ကြမယ်ဆိုရင် ၂၀၁၅-၂၀၁၆ က ကောက်ခဲ့တဲ့ Myanmar Demographic and Health Survey အရ လွန်ခဲ့တဲ့ တစ်လအတွင်း လိင်ဆက်ဆံဖူးတာရှိလားဆိုတဲ့မေးခွန်းကို မေးတဲ့အ ခါမှာ အသက် ၁၅-၁၉ အပိုင်းအခြားအမျိုးသမီးများ ရဲ့ ၁၀.၅% နဲ့ အမျိုးသားများရဲ့ ၄.၈% က လိင် ဆက်ဆံခဲ့ပါတယ်လို့ ဖြေခဲ့ကြပါတယ်။ အဓိက အချက်ကတော့ ဆယ်ကျော်သက်တွေက လိင်ပိုင်းဆိုင်ရာနဲ့ ပက်သက်ပြီး အတွေ့အကြုံတွေ ရှိနေကြတဲ့အခါမှာ လုံခြုံစိတ်ချပြီး ရောဂါကင်းဝေးတဲ့ လူငယ်လေးများဖြစ်ဖို့က အရေးကြီးတယ်ဆိုတာကို ပြောပြချင်တာပါ။

နံပါတ် (၂) ကိုရှင်းဖို့ဆို အရင်ဆုံး လိင်ပိုင်းဆိုင်ရာ ပညာပေးက ဘာတွေသင်နေတာလဲ ဆိုတာအရင် လေ့လာကြည့်ကြဖို့လိုတယ် ၊ "International Technical Guidance on Sexuality Education(နိုင်ငံတကာလိင်ပိုင်းဆိုင်ရာပညာပေးနည်းလမ်းညွှန်)" အရ ပြီးပြည့်စုံတဲ့ လိင်ပိုင်းဆိုင်ရာ ပညာပေးတစ်ခုဖြစ်ဖို့ဆို ရင် အကြောင်းအရာကြီး (၈) ခုပါဝင်ပါတယ်။ အဲ့ တာတွေကတော့

1. ပေါင်းသင်းဆက်ဆံရေးများ
2. တန်ဖိုးထားမှု၊ အခွင့်အရေး (ရပိုင်ခွင့်)၊ ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် လိင်မှုရေးရာ
3. ဂျန်ဒါကို သိနားလည်ခြင်း
4. အကြမ်းဖက်မှုများနှင့် ဘေးကင်းလုံခြုံ အောင်နေထိုင်ခြင်း
5. ကျန်းမာခြင်းနှင့် ချမ်းသာသုခရရှိစေရန် ကျွမ်းကျင်မှုများ (Life Skills)
6. လူ့ခန္ဓာကိုယ်ဖွဲ့စည်းပုံနှင့် ဖွံ့ဖြိုးလာပုံ

7. လိင်မှုရေးရာနှင့် လိင်ပိုင်းဆိုင်ရာအမူအကျင့်
8. လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွါးကျန်းမာရေး

ဒီ ခေါင်းစဉ်ကြီး (၈) ခုကို သင်တဲ့အခါမှာလဲ

- သိပ္ပံနည်းကျအကြောင်းအရာတွေကို အခြေခံရမယ်။
- အသက်အရွယ်၊ ဖွံ့ဖြိုးမှုနဲ့ လိုက်တဲ့ အကြောင်းအရာမျိုးဖြစ်ရမယ်။
- လူ့အခွင့်အရေးရှုထောင့်ကနေ ချဉ်းကပ်သင်ကြားမှုများဖြစ်ရမယ်။
- ကျားမတန်းတူညီမျှမှုအပေါ် အခြေခံရမယ်။
- သိရှိမှုနဲ့သင်ကြားပေးမှုက တစ်နှစ် နဲ့ တစ်နှစ် ဆက်စပ်နေရမယ်။ ဥပမာ ပျိုဖော်ဝင်ချိန်အကြောင်း သင်ပြီးမှ ကိုယ်ဝန်ရှိတဲ့ ဖြစ်စဉ်အကြောင်းသင်တာမျိုး
- သင်ကြားသူရဲ့ ဘာသာစကားနဲ့သင်ရင် ပိုနားလည်လွယ်တယ်
- သင်ကြားသူရဲ့ ပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေတဲ့ ဓလေ့ထုံးတမ်းတွေ၊ ယဉ်ကျေးမှုတွေကို ထင်ဟပ်ရမယ်။ သူတို့ပတ်ဝန်းကျင်မှာဖြစ်ပျက်နေတာတွေနဲ့ ဆက်စပ်စဉ်းစားနိုင်ဖို့ အထောက်အကူပြုနိုင်ရမယ်။
- ကျန်းမာရေးနဲ့ ညီညွတ်တဲ့ရွေးချယ်မှုများ ပြုလုပ်နိုင်မယ့် life skills တွေကို တည်ဆောက်ပေးနိုင်ရမယ်... အစရှိသဖြင့် စံချိန်စံညွှန်းများလဲ ထားရှိထားပါတယ်။

ဒီခေါင်းစဉ် (၈) ခု ကိုသေချာကြည့်လိုက်မယ်ဆိုရင် လိင်ဆက်ဆံဖို့တွန်းအားပေးတယ်ဆိုတာထက် ကိုယ့်ကိုယ်ကို ဘယ်လိုကာကွယ်ရမလဲ အထူးသဖြင့် လိင်ပိုင်းဆိုင်ရာနဲ့ ပက်သက်လာရင် ကိုယ်ကအဆင်သင့်ဖြစ်နေပြီးလား၊ ဖြစ်လာမယ့်နောက်ဆက်တွဲတွေ - မလိုချင်တဲ့ ကိုယ်ဝန်ရတာ၊ လိင်ကတစ်ဆင့်ကူးစက်တတ်တဲ့ ရောဂါပိုးတွေကူးစက်တာ၊ ကိုမလိုချင်ဘူးဆိုရင် ဘယ်လိုလုပ်သင့်လဲ?၊ ကိုယ့်ပတ်ဝန်းကျင်မှာရှိတဲ့ သူတွေနဲ့ ဆက်ဆံရေးပိုကောင်းဖို့ ဘယ်လိုပြုမူဆက်ဆံရမလဲ?၊ ကိုယ့်ကို တစ်စုံတစ်ယောက်က တွန်းအားပေးတဲ့အခါ ဘယ်လိုဖြေရှင်းမလဲ? စတာတွေကို တွေးခေါ်ဆင်ခြင်သုံးသပ်ပြီး ကိုယ့်ဘဝအကောင်းဆုံးဖြစ်ဖို့ ဆုံးဖြတ်ချက်၊ လုပ်ရပ်တွေကို လုပ်နိုင်လာပါမယ်။

မိမိတစ်ယောက်တည်းအတွက်မကဘဲ မိမိပတ်ဝန်းကျင်မှာ စုံလင်ကွဲပြားမှုကို လက်ခံတတ်လာအောင်၊ ထိခိုက်တတ်တဲ့ ဓလေ့ထုံးတမ်းတွေကို သိရှိရုံတင်မက ပြောင်းလဲဖို့ စိန်ခေါ်တတ်လာအောင် အထောက်အကူပြုပေးတဲ့ အကြောင်းအရာတွေဖြစ်တယ်။ မိမိအိမ်နဲ့ ပတ်ဝန်းကျင်မှာ အကြမ်းဖက်မှုတွေလျော့နည်းအောင်၊ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်လေးစားတဲ့ ဆက်ဆံရေးမျိုးတည်ဆောက်နိုင်အောင် ထောက်ပံ့ပေးတဲ့ ပညာပေးမျိုးဖြစ်ပါတယ်။

သုတေသနပြုလုပ်ထားချက်တွေအရ၊ အရည်အသွေးပြည့်ဝတဲ့၊ လူ့အခွင့်အရေးကိုအခြေခံတဲ့၊ ကျားမတန်းတူညီမျှမှုကိုအားကောင်းစေပြီး ပြီးပြည့်စုံတဲ့ လိင်ပိုင်းဆိုင်ရာပညာပေးခြင်းကို သာ လူငယ်တွေလက်လှမ်းမှီတယ်ဆိုရင်

- လိင်ဆက်ဆံတဲ့အသက်အရွယ်ကိုနောက်ကျစေတယ်
- လိင်ဆက်ဆံဖော်နည်းစေတယ်
- လိင်ဆက်ဆံတဲ့ အကြိမ်ရေနည်းစေတယ်
- မလိုချင်တဲ့ ကိုယ်ဝန်နဲ့ လိင်ကတဆင့်ကူးစက်တတ်တဲ့ရောဂါပိုးတွေကို ကာကွယ်တတ်အောင် ကွန်ဒုံးပိုသုံးလာစေတယ်
- မလိုချင်တဲ့ ကိုယ်ဝန်ကို ကာကွယ်တတ်

အောင် သန္ဓေတားဆေးကို စနစ်တကျ မှန်မှန်ကန်ကန်သုံးတတ်စေလာတယ် လို့ဖော်ပြထားပါတယ်။ ကျမတို့ ကားမမောင်းတတ်သေးတဲ့သူတစ်ယောက်လက်ထဲ ကားသော့ထည့်ပေးလိုက်တဲ့အခါ သူကိုယ်တိုင်အန္တရာယ်ရှိယုံမက လမ်းပေါ်က လူတွေအတွက်လဲ အန္တရာယ်ရှိပါတယ်။ အဲ့တာကြောင့် ကားမောင်းတဲ့ skills, ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေကို သင်ပေးရပါတယ်။

အလားတူပါပဲ ဘဝကားကြီးကို မောင်းနှင်နေကြတဲ ဆယ်ကျော်သက်နဲ့လူငယ်တွေ ကိုယ်တိုင် သာမက ထိစပ်ပက်သက်နေတဲ့သူတွေပါ ဘေးကင်းလုံခြုံသာယာပျော်ရွှင်တဲ့ဘဝရနိုင်ဖို့အတွက်ဆို ရင် ပြီးပြည့်စုံတဲ့လိင်ပိုင်းဆိုင်ရာပညာပေးကလဲ အရေးကြီးတဲ့အခန်းကဏ္ဍကနေပါဝင်နေကြောင်း ပြောကြားရင်းနဲ့ လိင်ပိုင်းဆိုင်ရာ အသိပညာပေးမှုတွေကို စတင်ကြဖို့၊ လက်ခံကြဖို့ တိုက်တွန်းလိုက်ပါတယ်။



**Yandi**

# Cartoon







Artist Name : Shin Thant

# အိမ်ပြန်ချိန်

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

အမှောင်ထုထဲမှာနေ ရတာ ကျင့်သားရနေပြီမို့ မီးအလင်းရောင်မရှိလဲ ခပ်ရေးရေးတော့ သူမမြင်ရမြဲပင်။ ကုတင်နဲ့ အဂတ်ဘီရိုခပ်သေးသေးတစ်လုံးအပြင် ဘာပရိဘောဂမှ သိပ်မရှိသည့် ၁၂ ပေပတ်လည် အခန်းကျဉ်းထဲနေလာတာ လပေါင်းများစွာကြာပြီမို့ သူမအနေနဲ့ မီးလာလာပျက်ပျက် ဘယ်နေရာဘာရှိလဲ သိနေတာလဲပါမည်။ ဖုန်းဘေလ်မဖြည့်နိုင်သည့် အခါများတွင် လိုင်းပေါ်က လူတွေနှင့် မထိတွေ့ မမြင်ရသည်မှာလဲ ဘယ်နှစ်လကြာပြီလဲ မသိတော့။

လွတ်မြောက်နယ်မြေမဟုတ်သောကြောင့် ရင်တထိတ်ထိတ်နှင့် အထုတ်ငယ်တစ်ခုပြင်ပြီး အိပ်တဂက်နိုးတဂက်ညများစွာ အမှောင်ထုထဲ ငုတ်တုတ်ထိုင်နေရသည့် နေ့များစွာ မရေမတွက်နိုင်တော့။ အမှောင်ထဲငုတ်တုတ်ထိုင်ရင် “အိမ်” ဆိုသည့် စကားလုံးကို ရေရွတ်မိတိုင်း အမြဲနာကျင်ရသည်။ အပြစ်ဘာမှမလုပ်ထားပါပဲ ဂရမ်းပြေးဘဂရောက်ခဲ့ရတာ (၃) နှစ်နီးပါရှိပြီမလား။ တစ်နေရာပြီးတစ်နေရာ ပြေးနေခဲ့ရသည်။ အစားအသောက် အနေအထိုင် ဘယ်လိုပဲဖြစ်နေပါစေ သူမကိုလက်ခံနေစရာပေးထားသည်ကပင် ကျေးဇူးတင်စရာမို့ ကြုံလာဖြစ်လာရသော အဆိုးအားလုံးကိုလဲ စိတ်ဖြေသိမ့်ခဲ့နိုင်သည်။

အရင်ကတော့ အခုလိုဘဂမျိုးမဟုတ်ပါ ။ အာဏာရူးလူတစ်စုရဲ့ မိုက်မဲတဲ့လုပ်ရပ်တွေမလာခင် သူမဘဂ (၁၂)နှစ်ကြာလုပ်ခဲ့တဲ့အလုပ်မှာ စက်ရုံပိုင်ရှင်သူဌေးတွေပြီးလျှင် ဌာနမှာ သူမက ရာထူးအကြီးဆုံး။ မထင်မရှား နယ်မြို့လေးမို့ သူမရသည့်လစာနှင့် အလုပ်ကအပြန်စာသင်ရာမှ ရသည့် တစ်လဂင်ငွေက သိန်းဆယ်ဂဏန်း မကျော်သော်လည်း အသက် ၇ဂ ကျော် မိအိုဖအို ၂ ယောက်ရဲ့ လစဉ်ဆေးမပြတ် ဂယ်နိုင်ဖို့နှင့် စားစရိတ်အပြင် အစားေကာင်းလေးများချက်ပြီး ဟိုဟိုဒီဒီခင်မင်ရာပို့ပေးချင်သည့်လှူဒါန်း ချင်သည့် အမေ့ရဲ့ ဆန္ဒကိုပါ ဖြည့်ဖို့လုံလောက်ခဲ့ သည်မို့ အဆင်ပြေသည်ဟုပြောရမည်ပင်။

နိုင်ငံရေးစဖြစ်သည်နှင့် သူမက ဘယ်သူမှမတိုက်တွန်း ရခင် ခိုင်ခိုင်မာမာ ဆုံးဖြတ်ပြီး CDM စလုပ်ခဲ့သည်။  ပတ်ဂန်းကျင်က ဘယ်လိုပြောပြော ခံနိုင်ပေမယ့် အမေက ဒီလစာလေးနဲ့ စားသောက်နေရတာ ဘာလို့ထွက်လိုက်လဲ အပြောမှာတော့ သူမစိတ်မကောင်းခြင်းကြီးစွာဖြစ်ခဲ့ရသည်။ CDM စလုပ်ပြီးလအနည်းငယ်အကြာထိ အိမ်မှာနေလိုရခဲ့ပေမယ့် သူမဦးစီးလုပ်ဆောင်ခဲ့သော ပရဟိတအသင်းမှ မောင်ငယ်လေးများ လွတ်မြောက်နယ်မြေသို့ သင်တန်းတက်ရန် ထွက်ခွာသွားကြချိန်မှ စပြီး သူမအိမ်ကိုစွန့်ခွာပြေးခဲ့ရသည်။

ဖမ်းခံရလျှင် လူကောင်ပိန်ပိန်သေးသေး သူမအနေနှင့် စစ်ကြောရေးမှ အသက်ရှင် လျက်ပြန်လွတ်လာဖို့ မလွယ်ကူပါ။ တစ်နေရာပြီး တစ်နေရာ တထိတ်ထိတ် ခုန်နေသော ရင်ကိုဖိရင်း အသက်စွန့်ပြေးလွှားပုန်းအောင်းနေခဲ့ရသည်။ ညတိုင်း အသဲတစ်ခုခုကြားလျှင် လာများမေးခေါ်ကြပြီလား တွေးရင် လန့်နိုးသည်မှာ အကြိမ်အကြိမ်။ ကျန်နေခဲ့သော မိဘနစ်ပါးကိုလဲ စိတ်မပူရတဲ့နေ့မရှိပါ။ နောက်ကျမှလျှောက်ရပြီး ထောက်ပံ့ငွေမရခဲ့တော့ သူမအသိမိတ်ဆွေတစ်ချို့ ပေးပို့ကူညီလာသည့် ငွေကိုပဲ သူမအတွက် တက်နိုင်သမျှခြွေတာစားသောက်ရင်း မိအိုဖအို ၂ ယောက် စားဝတ်နေရေး လစဉ်ဆေးဝယ်နိုင်ရေး ရုန်းကန်ရ သည်မှာသူမမောပန်းလာသည်။
အိမ်ကိုမကြာခဏ ယခုထိ မထင်ရင်မထင်သလိုလာရှာမြဲ အခြေအနေကြာမှပင် အိမ်ရဲ့အပေးကို၂ နစ်လောက်လွင့်သွားခဲ့တဲ့ သမီးကို အမေ မသေခင်တွေ့ချင်တယ်ဆိုလာသည်ကြောင့် သူမအရဲစွန့်ကာ မိဘများရှိသော သူမတို့မြို့လေးသို့ မိတ်ဆွေများစွာ၏ အကူအညီဖြင့် ပြန်လာနိုင်ခဲ့သည်။

အမေနှင့် တစ်ပတ်တစ်ခါလောက်တွေ့ရပေမယ့် သူမပုန်းအောင်းနေသည့် နေရာကအချိန်ပြည်နီးပါး မှောင်မဲနေသော အခန်းကျဉ်းလေးထဲမှာ၊ ဒီအခန်းမှာနေရတာ လအနည်းငယ်အကြာမှာတော့ လက်ခံထားသောမိသားစုဘက်မှ ဦးလေးဖြစ်သူ၏ သူမကို စောင်းမြောင်းဆဲဆို နေသံများကြောင့် သူမ သူတို့ကျွေးသော အစားအသောက်များ မစားဖြစ်တော့ပါ။ မိတ်ဆွေများတစ်ခါတစ်လေ မုန့်ဖိုးပေးလျှင် အမေ့ကိုပေးပြီး ပိုတာလေးနှင့်သာ ကော်ဖီ နှင့် မုန့်အချို့ဝယ်ပြီး စားနေခဲ့သဖြင့် အသားများဖြူဖျော့ကာ ပိန်လာခဲ့သည်။ ရုတ်တရက် အမေဆုံးသွားတော့ သူမသွား ခွင့်မရခဲ့ပါ။ ပုန်းနေရမြဲမို့ ဒီထက်ပိုဆိုးတဲ့ ဘဝတွေ ကိုငဲ့ကြည့်ရင်း တရားနှင့်ပဲစိတ်ဖြေနိုင်အောင် ကြိုးစားခဲ့ ရသည်။ အမှောင်ထုထဲမှာ ထိုင်ရင်း အမြဲ တွေမိသည် မှာ ဒါတွေအကုန်လုံးသာမဖြစ်ခဲ့ရင် ဒီလိုအနေအထားတွေသာ မရှိခဲ့ရင် အမေမသေပဲရှိနေဦး မလား ? သူမလည်း တစ်နှစ်လောက်အမှောင်ထုပဲရှိတဲ့ အခန်းကျဉ်းထဲ နေစရာမလိုခဲ့ပဲရှိမလား ? ၃ နှစ်လုံးဂရမ်းပြေးဘဝလို ဟိုပြေးဒီခို အမြဲအထုတ်ပြင်ပြီး စိုးရိမ်မနေရပဲ နေနိုင်မလား... ?

ဒီလိုအတွေးတွေအများကြီးနဲ့ ဘာကိုအပြစ်တင်လို့ တင်ရမလဲ မမွန်းကြပ်နေခဲ့ရင်လဲ အိမ်ပြန်ရမယ့် ရောင်နီကို အမြဲပြင်းပြင်းပျပျ စောင့်မျှော်နေခဲ့သည်။ ယခုတော့ အရောင်နီတဖြည်းဖြည်းသန်းစပြုလာပေပြီ မတရားမှုကို အမြစ်ဖြတ်ဖို့ အားလုံးအတူတူ ကြိုးစားနေသရွေ့ သူမကတော့ ယုံကြည်ထားသည်။

တစ်နေ့တော့ လွတ်လပ်တဲ့ဘဝ သာယာတဲ့ စိုက်ခင်းတွေလေးကြားက ဖခင်အိုကြီးရှိရာ အိမ်သို့ သူမပြန်ရမည့်နေ ပိုပိုနီးလာပြီလို့သာ.....။

\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\\

Nyanko Sensei

# အမျိုးသမီးချင်းချစ်ကြိုက်သူ (သို့မဟုတ်) Lesbian တစ်ယောက်၏ ကိုယ်ပိုင်ဝိသေသ

Lesbian ဆိုတဲ့ စကားကို တချို့လူတွေက လိင်ဦးစားပေး အဓိပ္ပာယ်ဖွင့်ဆိုချက်သာသာလို့ မြင်ကြပါတယ်။တကယ်တော့ lesbian ဆိုတဲ့ စကားမှာ အဓိပ္ပာယ် အနှစ်သာရများစွာသာမက ဘဝသမိုင်းကြောင်းနဲ့ ထုဆစ်ပုံဖော်မှုတွေ ပါဝင်နေပါတယ်။ Lesbian တွေမှာ အခက်အခဲများစွာ ရှိကြပါတယ်။ရှေးရိုးအစဉ်အလာ ထုံးတမ်း၊ ယဉ်ကျေးမှု စံသတ်မှတ်ချက်တွေအပြင် ပက်ထရီအာခီ-ဖိုဝါဒီအသားပေးစနစ် လည်းရှိပါတယ်။ အမျိုးသမီး ချင်း ချစ်ကြိုက် သူ ဆိုတာနဲ့ အမျိုးသမီး တွေက ဒီလိုဖြစ်ရသလား ဆိုကာ ဖိနှိပ် ခွဲခြားမှုတွေရှိလေ တော့ သူတို့ရဲ့ lgbtq+ ဖြစ်တည်မှုကို ရှက်ကြပါတယ်။

ကျွန်မ မိသားစုဝင်တွေက လိင်တူ ဆက်ဆံတာကို ရွံရှာဖွယ်ရာ ဆိုးဝါးတဲ့ အရာတစ်ခုလို့ ပြောလေ့ရှိကြပါတယ်။ စည်းမျဉ်းစည်းကမ်းတွေအောက်မှာလည်း ဖိနှိပ်နေထိုင်ခဲ့ရသလို သာမန် မဟုတ်တာ၊ သဘာဝ အတိုင်းပြန်ဖြစ်သွားမှာ ဆိုပြီး ပြောလေ့ရှိပါတယ်။မကြိုက် မနှစ်သက်တဲ့ မိန်းမအဝတ်အစားတွေ အတင်းဝတ်ပေးသလို အမျိုးသားတွေ နဲ့လည်း ခဏခဏ တွေ့ဆုံပေးခဲ့ပါတယ်။ကိုယ့်ကို နားလည်ပေးနိုင်တဲ့ သူမရှိခဲ့သလို ဘယ်သူမှ လက်မခံခဲ့ကြပါဘူး။ဝမ်းနည်းစရာ အမှောင်ကျနေ့ရက်တွေပါပဲ။ အမှောင်ကျ နေ့ရက်တွေထဲမှာပဲ ကျွန်မကိုယ်ကျွန်မ ဂုဏ်ယူမိတဲ့ တစ်ချက်ကတော့ lesbian သမိုင်းတွေကို ရှာဖတ်ပြီး လေ့လာနိုင်ခဲ့တာကိုပါပဲ။ ကဗျာတွေ၊ ပေးစာတွေ၊ ဒိုင်ယာရီတွေအပြင် အမျိုးသမီးချီတက် ဆန္ဒထုတ်ဖော်မှုတွေ၊ တက်ကြွလှုပ်ရှားမှုတွေ အစရှိတဲ့ သမိုင်းအပိုင်းအစတွေ ဟာ အားကျ ဂုဏ်ယူဖွယ်ရာ ဖြစ်လာခဲ့ပါတယ်။ကိုယ့်ကိုယ်ကိုယ် မဖုံးကွယ်ဘဲ နေထိုင်ဖို့အတွက် လည်း ခွန်အား တစ်ခု ဖြစ်ခဲ့ပါတယ်။

Lesbian စီနီယာ တစ်ဦးဖြစ်တဲ့ Sappho ကနေ အခြားစီနီယာတွေ၊ သူတို့ကိုယ်သူတို့ ရပ်တည်ကြိုးစားခဲ့ပုံတွေသာမက တခြားသော သူတွေ မျက်စိပွင့်အောင် လမ်းပြပေးခဲ့ပုံတွေကို အတုယူဖွယ် လေ့လာခဲ့ရပါတယ်။ဒါတွေက စိတ်နှလုံးကို နွေးထွေးစေရုံမက ကျွန်မကိုယ် ကျွန်မ လည်း နှစ်သက် ပျော်ရွှင်စေခဲ့ပါတယ်။

အမျိုးသမီးချင်း ချစ်ကြိုက်သူတွေက ကမ္ဘာ့နေရာ အနှံ့အပြားမှာ ဖြစ်တည်မှု နှလုံးသားနဲ့ အတူရှိနေပြီးသား ၊ရှိနေမှာ ဖြစ်ပါတယ်။လိင်တူချင်း ကြိုက်တယ်ဆိုတဲ့ အသုံးအနှုန်းထက် ပိုလွန် တာက တော့ သူတို့ရဲ့ နဂိုမူလ ဖြစ်တည်စိတ်နဲ့ သဘောကျစိတ်ပါပဲ။ ဒါကြောင့် ဘောပြား၊ ဟို မရောက် ဒီမရောက်ဆိုပြီး ခေါ်ဝေါ်တာမျိုးကို ရပ်သင့်သလို မိန်းမစိတ်ဝင်လာအောင် လုပ်မယ်ဆိုပြီး ကြိုးစားနေတာတွေကိုလည်း ရပ်တန်းက ရပ်သင့်ပါတယ်။

သွေးစည်းခဲ့တဲ့ အခိုက်အတန့်တွေကနေ ရဲရဲတောက် နှလုံးသား ကို မြင်နေရပါတယ်။ပျော်ရွှင်ဖွယ်ရာ အခိုက်အတန့်တွေကနေ ချစ်ခြင်းမေတ္တာကို မြင်နေရပါတယ်။ရှက်နေမယ်၊ဖုံးကွယ်နေမယ့်အစား ကိုယ်ပိုင်ဝိသေသကို ဆုပ်ကိုင်ထားရင်း ချစ်ကြိုက်မိတဲ့ နှလုံးသားကို အပြစ်မတင်ဘဲ အရှိအတိုင်း မွေးမြူလက်ခံလို့ ဒီဘဝ အမွေ အနှစ်ကို လက်ခံ ကျင့်သုံးနေပါတော့မယ်လို့ ဆုံးဖြတ်ချက် ချမိပါတော့တယ်။

မြတ်ဖြိုးအိမ်

# THE MIDNIGHT ZONE: IS EQUALITY SINKING TO 12,500 FEET IN THE OCEAN?

Myanmar holds the unfortunate world record of having the "longest-running civil war", acquainting with decades of military regimes, political uprisings, and litany of violations like mass atrocities, war crimes, human trafficking, propaganda, misinformation, and hate speech. As far as the war continued, there's a parallel existence of ethnic armed resistance and revolution.

Yet, if we were to metaphorically view the pool of this landscape as an ocean and dive deep into its depths, we'd encounter something often overlooked amid the myriad issues — "equality." While not sinking like the Titanic in the early 1900s, the matter of "equality" has strangely never surfaced as a top priority on any critical agenda throughout these years.

Over time, societal perceptions, shaped by tradition, media and political structures, have stereotypically cast men as protagonists and leaders, while women are often seen as bystanders, coordinators, or peace campaigners. However, the truth is that women play active roles on both the frontlines and behind the scenes, taking up leadership, political, and combatant roles traditionally dominated by men.

In the Syrian Civil War, the Kurdish Women's Protection Units (YPJ), an all-female militia, stands out as a remarkable example of women actively taking on pivotal roles in armed conflicts.

Similarly, in Myanmar's recent Spring Revolution, although primarily seen in supportive roles, women, including fighters, have proved crucial in situations where the sustainability of the revolution was on the line.

Challenging the stereotype of women as vulnerable and only in supportive roles is exemplified by "The Lady," Myanmar's State Counselor Daw Aung San Suu Kyi. But the question here is does your voice carry weight as a woman from a less prominent family? Will your voice and arguments be compelling enough to be recognized? Or, much worse, if you hold a rainbow flag?

Putting inclusive participation aside is a way of marginalizing, in fact, we might even point out to them that they have no stake in society we're trying to build. The underscoring of ability based on gender and acting "tokenism" in their potential is a form of discrimination and dismissal.

It's clear in situations like all-male panels (Manels), where women get less space to be part of important discussions about politics, society, and more broader discussions. Not to forget the disapproval of mob against the

campaign on women participation, more than facilitators, in the panels further highlights the challenges women face in these spaces.

These are real issues we need to take seriously when we think about our “revolutionary” world. Ignoring these problems won’t help us build a world that includes everyone.

Our cultures are the way they are because the systems and structures we’ve created always favored men. The big question is, is “equality” just a rhetorical gesture, or is it something we really believe in and do?

We need to make sure our rules, systems, and culture treat everyone the same, no matter their gender. Without such inclusivity, any new world we create won’t last or will be beneficial to only privileged few.

**Author - Hla**



# အမျိုးသမီးတွေဘာလုပ်နေလဲ နှင့် တော်လှန်ရေး (၂) နှစ်အကြာ

၂၀၂၁ ဖေဖော်ဝါရီလကစလို့ မတရားမှုကို တော်လှန်လိုတဲ့ ပြည်သူတွေရဲ့ရင်ထဲကမီးစာလေးတွေနဲ့ စုပေါင်းထွန်းညှိခဲ့တဲ့ နွေဦးတော်လှန်ရေးဟာ အတက်အကျ၊ အပြောင်းအလဲများစွာနဲ့ နှစ်နှစ်ကျော်ကြာမြင့်ခဲ့ပါပြီ။ ဖေဖော်ဝါရီလရဲ့ ကြမ်းတမ်းတဲ့ နေ့ရက်တွေမှာ ငြိမ်းချမ်းစွာ အာဏာရှင်ကို တော်လှန်ခဲ့ကြတဲ့အထဲမှာ မြန်မာအမျိုးသမီးငယ်တွေဟာ ရှေ့ဆုံးကနေရွပ်ရွပ်ချွံချွံတော်လှန်ပါဝင် ဦးဆောင်ခဲ့ကြတာပါ။

နွေဦးတော်လှန်ရေးအစ လူထုသပိတ်တွေရဲ့ရှေ့ဆုံးမှာ အလံကိုင်၊ အသံလွှင့်ခဲ့ကြတဲ့ အမျိုးသမီးငယ်တွေ၊ ပြည်သူ့ခုခံစစ်ပြောင်းတော့ ရရာနေရာကနေ တိုက်ပွဲဝင်ဖို့ မြန်မာပြည်ဒေသအသီးသီးက ထူထပ်လှတဲ့ တောနက်တွေထဲပြေးဝင်သွားခဲ့ကြပါတယ်။ နူးညံ့တဲ့ လက်ကလေးတွေကနေ သေနတ်ကိုင်တဲ့လက်တွေ၊ ပုံးနဲ့ ဖောက်ခွဲရေးလုပ်တဲ့ လက်ကလေးတွေ ဖြစ်လာခဲ့ကြပြီး လှပတင့်တယ်စွာနေထိုင်ခဲ့ကြရတဲ့ မျှော်လင့်ချက်တွေပြည့်ဝနေတဲ့ မင်းသမီးလေးတွေအဖြစ်ကနေ တောနက်ထဲကြမ်းတမ်းတဲ့တော်လှန်ရေးခရီးမှာ မိမိကိုယ်ကိုမီးရှူးတန်ဆောင်အဖြစ်ပြောင်းလဲခဲ့တဲ့ အမျိုးသမီးငယ်တွေ အများကြီးရှိခဲ့၊ ရှိနေဆဲပါပဲ။ တပြိုင်ထဲမှာပဲ တော်လှန်ရေးအင်အားစုအချင်းချင်းအတွင်းမှာ အမျိုးသမီးတွေအပေါ် အကြမ်းဖက်မှုများ၊ ဖိနှိပ်မှုများလဲ ထွက်ပေါ်လာပါတယ်။ နှစ်နှစ်ကျော်အကြာမှာ သူမတို့ရဲ့ တော်လှန်ရေးအိပ်မက်ခရီးရှည်နဲ့ တွေ့ကြုံရတဲ့အခက်အခဲတွေကို မြစ်ရေစီးသံ အဖွဲ့သားများက ပြန်လည်ဖော်ထုတ်တူးဆွထားပါတယ်။

## ရုပ်ပိုင်းဆိုင်ရာစိန်ခေါ်မှုများ

ရုပ်ပိုင်းဆိုင်ရာစိန်ခေါ်မှုလို့ ပြောရင်အဓိကက အမျိုးသမီးများရဲ့ လစဉ်ရာသီလာချိန်ကျန်းမာရေးနဲ့ တစ်ကိုယ်ရည်သန့်ရှင်းရေးက အကြီးမားဆုံး စိန်ခေါ်မှုပါ။ အချို့ လေ့ကျင့်ရေးစခန်းတွေနဲ့ စစ်ရှောင်စခန်းတွေမှာ ဘဏ္ဍာရေးအခြေအနေကြောင့် လစဉ်သုံးပစ္စည်း မရရှိနိုင်တာရှိသလို တချို့ဒေသတွေမှာ တိုက်ပွဲဖြစ်

လို့ လမ်းပန်းဆက်သွယ်ရေးအခက်အခဲတွေကြောင့် အလှူရှင်တွေရှိတာတောင် လစဉ်သုံးပစ္စည်းတွေကို အချိန်မှီ၊ပုံမှန် ရရှိဖို့ ခက်ခဲနေကြောင်း သိရပါတယ်။ ဒီလို သိသာထင်ရှားတဲ့ ပြဿနာတွေအပြင်၊ မသိသာမထင်ရှားတဲ့ အခက်အခဲတွေလဲ ရှိနေပါသေးတယ်။

စစ်ရှောင်စခန်းတစ်ခုမှာ ရောက်ရှိနေတဲ့ အမျိုးသမီးရဲဘော်တစ်ဦးက သူမအတွေ့အကြုံကိုအခုလို မျှဝေထားပါတယ်။ "ကျမတို့ လူငယ်တွေမှာက အမြင်ပွင့်လင်းကြတော့ ကိစ္စမရှိဘူး။ ဒါပေမယ့် ဒေသခံတွေ၊ ရွာသူရွာသားတွေကျတော့ ထဘီကို အရှေ့မှာလှန်းတာ၊ အပေါ်မှာလှန်းတာလုံးဝလက်မခံနိုင်သေးဘူး။ အဲ့အတွက်ကျမတို့ကို ဟိုးနောက်ဖေး နေရောင်မရတဲ့နေရာတွေမှာလှန်းခိုင်းတယ်။ တကိုယ်ရည်သန့်ရှင်းရေးနဲ့ ကျန်းမာရေးအတွက် ရေရှည်ဆိုရင်တော့ မကောင်းဘူးပေါ့။" ဟု မြစ်ရေစီးသံ အဖွဲ့ကို ပြောပြခဲ့ပါတယ်။

နောက်ထပ် ပြည်သူ့ခုခံကာကွယ်ရေးတပ်ဖွဲ့တစ်ခုမှာ တာဝန်ထမ်းဆောင်နေတဲ့အမျိုးသမီးတစ်ဦးဖြစ်သူ မ ဝါဝါခိုင် (အမည်လွှဲ) ကတော့ "ကျမတို့က ရေချိုးရင် အနီးချုပ်စပ်ချောင်းမှာ ချိုးကြရတယ်။ အမျိုးသားရော အမျိုးသမီးရော ရေချိုးနားချိန်က တစ်ချိန်ထဲပဲ အတူတူရတယ်၊ အမြန်ချိုးကြရတယ်။ အဲ့ဒီမှာ ချောင်းအထက်ပိုင်း၊ ပိုမြင့်တဲ့အပိုင်းကို အမျိုးသားတွေချိုးပါစေ၊ အမျိုးသမီးတွေက အနိမ့်ပိုင်းမှာချိုးဆိုပြီး သတ်မှတ်စည်းကမ်းချထားတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့က စစ်တိုက်ရမယ့် သူတွေမို့ ဘုန်းနိမ့်လို့မရဘူး၊ ဒါကြောင့် သူတို့ချောင်းအနိမ့်ပိုင်းမှာချိုးရင် ကျမတို့ဆီက အညစ်အကြေးတွေကြောင့် ခိုက်မှာစိုးလို့တဲ့။ အဲ့တော့ ကျမတို့က ရေချိုးတဲ့အခါတိုင်း သူတို့ချိုးလိုက်လို့ စီးလာတဲ့ရေ၊ မသန့်ရှင်းတဲ့ရေ၊ ညစ်ပတ်တဲ့ရေတွေကိုပဲ အမြဲချိုးရသလို ဖြစ်နေတယ်။" ဟု သူမတွေ့ကြုံရသော ကျား၊မဖြစ်တည်မှုအပေါ် အခြေခံပြီးခွဲခြားခံရမှုကို ပြန်လည်မျှဝေခဲ့ပါတယ်။

ဒါတွေကို ကြည့်ခြင်းအားဖြင့် နွေဦးတော်လှန်ရေးရဲ့အစမှာ အမျိုးသားများရဲ့ဘုန်းကံနဲ့ပတ်သက်တဲ့ အယူအဆများ၊ အမျိုးသမီးခန္ဓာကိုယ်အောက်ပိုင်းက အဝတ်အစားများနဲ့ပတ်သက်တဲ့ ရှေးရိုးစွဲအယူအဆများကို တော်လှန်ရန်ကျင်းပခဲ့တဲ့ ထဘီသပိတ်များ၊ "ငါတို့ထဘီ၊ ငါတို့အလံ၊ငါတို့အောင်ပွဲ" စတဲ့ချီတက်လမ်းလျှောက်ခဲ့တဲ့ လှုပ်ရှားမှုတွေရဲ့ အဓိကရည်ရွယ်ချက်များသည် အနယ်နယ်အရပ်ရပ် (အထူးသဖြင့် ကျေးလက်ဒေသများ) အထိ ပျံ့နှံ့စိမ့်ဝင်မှုမရှိသေးဘူးလို့ သုံးသပ်နိုင်တယ်။

တချို့သောဒေသတွေမှာတော့ အမျိုးသမီးရဲဘော်များရဲ့အဆောင်၊ ရေချိုးရန်နေရာနဲ့ အိမ်သာများဟာလုံခြုံတဲ့ဝန်းထရံအကာအရံများ မရှိတာကြောင့် ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုအတွက် လိုအပ်ချက်တွေများစွာရှိနေပါတယ်။

## စိတ်ပိုင်းဆိုင်ရာနဲ့ လူမှုရေးပိုင်းဆိုင်ရာ စိန်ခေါ်မှုများ

တိုင်းပြည်ရဲ့အပြောင်းအလဲအတွက် ကျရာအခန်းကဏ္ဍမှာပါဝင်လာခဲ့တဲ့ အမျိုးသမီးတွေဟာ ထင်သာမြင်သာတဲ့ ရုပ်ပိုင်းဆိုင်ရာစိန်ခေါ်မှုတွေအပြင်၊ မမြင်ရတဲ့ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံရမှု၊ လူမှုရေးပိုင်းဆိုင်ရာ စိန်ခေါ်မှု အခက်အခဲများစွာကိုလဲ ရင်ဆိုင်ခဲ့ရသလို ရ

င်ဆိုင်နေကြရဆဲဖြစ်ပါတယ်။ ဒီအခက်အခဲတွေထဲမှာ အမျိုးသမီးဖြစ်ခြင်းကို ဗဟိုပြုပြီးခွဲခြားဆက်ဆံမှု၊ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်မရှိမှု၊ ကျားမပေါ် မူတည်ပြီး တာဝန်ခွဲမှု၊ ရှေးရိုးစွဲအမြင်များဖြင့် ချိန်ထိုးပြီး နှိုင်းယှဉ်မှုတွေဟာ တော်လှန်သောအမျိုးသမီးများအတွက် စိတ်ပိုင်းနဲ့ လူမှုပိုင်းဆိုင်ရာ အခက်အခဲများကို ဖြစ်ပေါ်စေတာပဲဖြစ်ပါတယ်။



အမျိုးသမီးများ မဟာမိတ်အင်အားစုရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ မအေးမြင့်အောင်အောင်ရဲ့ ပြောပြချက်အရ "ကျမတို့သပိတ်တွေ စထွက်တော့ သပိတ်မစခင်နဲ့ သပိတ်သိမ်းချိန်တွေဆို ကြိုတင်ပြင်ဆင်မှုတွေလုပ်ရတယ်၊ ဒီလိုလုပ်တဲ့အချိန်မှာ ယောကျ်ားလေးတွေကအများကြီးဖြစ်ပြီး မိန်းကလေးကနည်းတာပေါ့၊ ပတ် ဝန်းကျင်ကကြည့်တော့ ယောကျ်ားလေးတွေ တရှုန်းရှုန်းနဲ့ဆိုပြီး နောက်ကွယ်ကနေပြောတယ်၊ အထင်သေးကြတာတွေ ခံရတယ်။" ဟုပြောပြခဲ့ပါတယ်။ ဒ့ါအပြင် မချောစုဟန်ကလဲ "ရွာတွေမှာ ပုန်းရှောင်ရတဲ့အခါမျိုးတွေမှာ အမျိုးသားရဲဘော်တွေဆို သန့်ရှင်းရေးတို့၊ ပန်းကန်ဆေးတို့ မလုပ်လဲရတယ်၊ ကိစ္စမရှိဘူး။ သူတို့ကို အလွတ်ပေးထားပြီး အမျိုးသမီးရဲဘော်တွေဆို ပန်းကန်ဆေးတာ၊ သန့်ရှင်းရေးလုပ်တာ ချက်ရေးပြုတ်ရေး ကူတာတွေဝင်လုပ်ပေးမှ အမြင်ကြည်ကြတယ်။ ဒါဟာ အမျိုးသမီး၊ မိန်းကလေးမှ မဟုတ်ပဲ လူတိုင်းလုပ်ဆောင်ရမယ့် အရာပဲ ဖြစ်ရမှာလေ၊ အခုကျတော့ ကျမတို့ အတွက်က တချို့အလုပ်တွေလုပ်ရမယ့်အချိန်မှာ တခြားအလုပ်တွေလုပ်နေရတော့ နှောင့်နှေးတာမျိုးလဲ တခါတလေ ဖြစ်တယ်။" ဟု သူမတို့ ကြုံတွေ့ရသော စိန်ခေါ်မှုများကို ရင်ဖွင့်ခဲ့ပါတယ်။ နောက်ထပ် အမျိုးသမီးတစ်ဦးကတော့လက်ရှိအချိန်ထိ ထောက်ပို့တပ်သားတစ်ဦး အဖြစ်ပါဝင်နေဆဲဖြစ်သူ မနီလာ (အမည်လွှဲ)ကနေ သူမတွေ့ကြုံရတဲ့ စိတ်ပိုင်းနဲ့လူမှုပိုင်းဆိုင်ရာအခက်အခဲတွေအကြောင်း ပြောပြခဲ့ပါတယ်။ "ရပ်ကွက်ထဲမှာ သပိတ်တွေစပြီးသိပ်မကြာဘူး၊ စစ်တပ်က ရပ်ကွက်ကိုဖိတော့ လူကြီးအချို့က သိပ်သဘောမကျကြတော့ဘူး။ လူငယ်တွေနဲ့လူကြီးတွေနဲ့ညှိနှိုင်းကြတဲ့အခါ ကျမပြောတဲ့စကားကို အလေးမထားဘူး။ ဒီစကားကိုပဲ ယောကျ်ား လေးခေါင်းဆောင်တွေ ပြောမှ နားထောင်ပေးတာမျိုးတွေ၊ ယောကျ်ားလေးခေါင်း

ဆောင်ကိုခေါ်လာခဲ့ဖို့ပြောခဲ့တာတွေ ကြုံခဲ့ရတော့ စိတ်ပျက်ခဲ့ရတယ်။" ဆိုပြီး သူမပြောပြတာကို စဉ်းစားကြည့်ရင် အမျိုးသမီးတွေဟာ သူတို့ရဲ့အမြင်တွေ၊ စွမ်းဆောင် ရည်တွေ ရှိတာတောင်မှ အမျိုးသမီးတွေအပေါ် သတ်မှတ်ထားတဲ့ စံနှုန်းတွေနဲ့၊ တစ်ဆင့်နိမ့်ချထားတဲ့အမြင်တွေကြောင့်ဖြစ်ပေါ်လာတဲ့ မယုံကြည်မှုတွေ၊ အမြင်တွေဟာ အမျိုးသမီးများကို သူမတို့ ရှိတဲ့ကိုယ်ပိုင်စွမ်းဆောင်ရည်အတိုင်း ခေါင်းဆောင်မှု၊ ဆုံးဖြတ်ချက်ချမှုတွေမှာ ပါဝင်လာဖို့ ဟန့်တားထားတယ်လို့ဆိုနိုင်ပါတယ်။

အချို့ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တွေမှာလဲ အချို့အမျိုးသမီးငယ်တွေဟာ အမျိုးသားရဲဘော်တွေလိုပဲ တိုက်ခိုက်ရေးနဲ့ မိုင်းရှင်းလင်းရေးလုပ်ငန်းစဉ်တွေမှာ ပါဝင်ချင်ပေမယ့် ပါဝင်ခွင့်မရတာတွေရှိနေပါတယ်။ ဒါကို မမေဇင်(အမည်လွှဲ)က "ကျမက တိုက်ခိုက်ရေးထဲမှာ ပါဝင်ချင်လို့ စစ်သင်တန်းတက်ခဲ့တာ၊ တပ်ထဲမှာလဲ ယောကျာ်းလေးတွေနည်းတူသေနတ်ပစ်နိုင်တယ်၊ လက်ဖြောင့်တပ်သားလဲ ဖြစ်ခဲ့တယ်။ ဒါပေမယ့် ဘယ်တော့မှ ရှေ့တန်းကို မသွားရဘူး။"လို့ ပြောလာခဲ့ပါတယ်။ တကယ့်စစ်ဆင်ရေးတွေမှာ ပါဝင်ခွင့်မရဘဲ ထမင်းဟင်းချက်၊ စာရင်းအင်းနဲ့ ဝေယျာဝိစ္စလုပ်တဲ့ နေရာတွေမှာသာ အမျိုးသမီးတွေကို တာဝန်ပေးထားကြောင်း၊ တပ်တွေထဲမှာ စည်းကမ်းနဲ့ အထက်ကခေါင်းဆောင်အမိန့်နာခံမှုကသာ အဓိကဖြစ်လို့ တပ်ထဲမှာ ပြန်လည်ရှင်းပြပြောဆိုခွင့်တွေ မရှိနေတာဟာလဲ မိမိကိုယ်ပိုင် ပါဝင်ခွင့်အတွက် ကြိုးစားရယူဖို့ လမ်းတွေ မရှိသလိုဖြစ်နေတယ်လို့ သူမက ပြောပြခဲ့ပါတယ်။

ဒ့ါအပြင်တော်လှန်ရေးထဲမှာ ပါဝင်လာတဲ့အမျိုးသမီးတွေအတွက် မိသားစု၊ ပတ်ဝန်းကျင်နဲ့ သူငယ်ချင်းများရဲ့ ပံ့ပိုးမှုကို ရသင့်ရထိုက်သလောက် မရရှိခဲ့ကြဘူးလို့ အင်တာဗျူးထဲမှာ ပါဝင်ခဲ့သူအမျိုးသမီးအများစုက ထွက်ဆိုခဲ့ပါတယ်။

## လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်မှုများ၊ စော်ကားမှုများနဲ့ အမြတ်ထုတ်မှုများ

တော်လှန်ရေးမှာပါဝင်လာခဲ့တဲ့ အမျိုးသမီးတွေ ကြုံတွေ့ရတဲ့ စိန်ခေါ်မှုများထဲက ရုပ်ပိုင်း၊စိတ်ပိုင်း၊ လူမှုပိုင်းဆိုင်ရာ သုံးမျိုးလုံးအရ ထိခိုက်ခံရမှုအဆိုးဆုံးက အာဏာသိမ်းစစ်တပ်ဘက်က ကျူးလွန်တဲ့ လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်တိုက်ခိုက်မှုတွေဖြစ်ပါတယ်။ အမျိုးသမီးမဟာမိတ်အင်အားစုမှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ မချောစုဟန်က "ကျမတို့ သပိတ်တွေစဝင်တော့ ကျမတို့ ဖေ့စ်ဘုတ်အကောင့်တွေကနေ လူသိများလာတယ်၊ အဲ့ဒီမှာ စစ်ကောင်စီတပ်ကလူတွေက ကျမတို့ကို လာaddပြီးရင် 18+၊ sex chat group တွေထဲကိုထည့်ပြီး ထိပါးနှောင့်ယှက်တယ်။ တယ်လီဂရန် ချန်နယ်တွေကနေ မဟုတ်မမှန်နာမည်ဖျက်တဲ့သတင်းတွေတင်တယ်။ ဒါတင်မကသေးဘူး ကျမတို့ရဲ့ ရဲဘော်တစ်ဦးအဖမ်းခံရတော့ မိသားစုက ထောင်ဝင်စာသွားတွေ့တဲ့ချိန် ကျမကို စစ်တပ်က သတင်းစကားပါးခိုင်းလိုက်တယ်။ နင် လွတ်အောင်ပြေးထား တွေ့ရင် ဗိုက်ကြီးအောင်မုဒိမ်းကျင့်ပစ်မယ်၊ ဗိုက်ထဲက ကလေးဘယ်သူမှန်းမသိအောင် နင့်ကို လုပ်မှာ... အဲ့လိုတွေခြိမ်းခြောက်တယ်။" ဟုပြောပြလာခဲ့တယ်။ သူမအနေနဲ့ အစပထမမှာတော့ အနည်းငယ်တုန်လှုပ်သွားခဲ့ပြီး

နောက်ပိုင်းမှာတော့ သူမကိုယ်တိုင်မှန်ကန်တဲ့လမ်းကို လျှောက်နေတာဖြစ်ကြောင်း နားလည်ယုံကြည်တဲ့အတွက် တစိုက်မတ် မတ်ပါဝင်ဖြစ်ခဲ့ပါတယ်။ အာဏာလုတဲ့အကြမ်းဖက်စစ်တပ်ရဲ့ အမျိုးသမီးတွေအပေါ် လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်မှုသတင်းတွေ ခပ်သဲ့သဲ့ကြားလာရတဲ့အချိန်၊ ဧပြီလ နှောင်းပိုင်းကာလ သပိတ်တွေမှာ အမျိုးသမီးတွေကို သပိတ်ထဲမလိုက်ဖို့၊ ဒါမှမဟုတ် ကြမ်းတမ်းစွာဖြိုခွင်းခံရတဲ့နေရာဒေသတွေဆို အမျိုးသမီး သပိတ်ဆန္ဒပြသူတွေကို မခေါ်သွားတာတွေ စတင်ဖြစ်လာခဲ့ပါတယ်။ အမျိုးသမီးဆန္ဒပြသူတစ်ဦးဖြစ်တဲ့ မနီလာ (အမည်လွှဲ)ကတော့ "ကျမတို့အဖွဲ့ထဲက ယောကျ်ားလေးတွေက ပြောတယ်၊ နင်တို့မလိုက်ခဲ့နဲ့၊ နင်တို့လိုက်ခဲ့ရင် ဘုခံရလိမ့်မယ်။ မုဒိမ်းကျင့်ခံရလိမ့်မယ်။ ယောကျ်ားလေးတွေ ထောင်ကျတာကကိစ္စမရှိဘူး။" လို့ သူမအတွေ့အကြုံကို မျှဝေလာပါတယ်။ ဆက်လက်ပြီးတော့ သူမက "သူတို့က စိုးရိမ်လို့ ကာကွယ်လိုစိတ်နဲ့ပြောတာဆိုပေမယ့် ကျမတို့ကို ခံရသူလို သဘောထားပြီး၊ မြင်ပြီး သူတို့ကိုယ်သူတို့ကာကွယ်သူ၊ ဆုံးဖြတ်ပိုင်ခွင့်ရှိသူလို သတ်မှတ်ထားပုံရတယ်။ တကယ်တော့ ဒီတော်လှန်ရေးထဲမှာ ပါဝင်လာထဲက ကျမက အဆိုးဆုံးအခြေအနေတွေကို ကြိုတွက်ပြီးသားပါ။" လို့သူမရဲ့စိတ်ဓာတ်ခိုင်ကြည်မှုကို ဖွင့်ဟခဲ့ပါတယ်။

ဒီလိုဖြစ်ရပ်တွေကို ကြည့်မယ်ဆိုရင် အမျိုးသမီးတွေဟာ ကာကွယ်ပေးခံရသူ၊ အမျိုးသားတွေဟာ ကာကွယ်သူနေရာမှာ ရှိနေပြီး ကိုယ်ပိုင်ရွေးချယ်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်တွေကို နားလည်လေးစားမှုတွေ နည်းပါးခဲ့တယ်လို့ သုံးသပ်ရမှာဖြစ်ပါတယ်။ ဒါ့အပြင် တော်လှန်ရေးမှာ ရှေ့တန်းကနေပါဝင်လာတဲ့ အမျိုးသမီးတွေကို သူတို့ရဲ့ရဲစွမ်းသတ္တိနဲ့လုပ်နိုင်စွမ်းအပေါ် အခြေမပြုပဲ လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်ခံရနိုင်ခြေရှိတာတစ်ခုထဲနဲ့ အားနွဲ့သူ၊ ခံရသူလို့ သတ်မှတ်ဆက်ဆံခံရမှုတွေ ရှိနေတာကို မီးမောင်းထိုးပြနေတာပါ။ ဒါ့အပြင် အမျိုးသမီးတွေဟာ အာဏာလုအကြမ်း ဖက်စစ်တပ်က ကျူးလွန်တဲ့ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွေသာမက တော်လှန်ရေးအင်အားစုအချင်းချင်းက ကျူးလွန်တဲ့ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တွေကိုပါ ဒီနှစ်နှစ်တာကာလထဲမှာ တွေ့ကြုံခံစားခဲ့ကြရပါတယ်။

တိုင်းရင်းသားလက်နက်ကိုင်ဒေသတွေနဲ့ အချို့သောကာကွယ်ရေးစခန်းတွေထဲမှာ ဖြစ်ပျက်ခဲ့တဲ့ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများထဲမှ အချို့ဟာ အခုချိန်ထိ အမှုမှန်ပေါ်ပေါက်လာခြင်းမရှိသေးဘဲ ဒီလိုတွေ့ကြုံလာရတဲ့အခါ တိုင်ကြားရေးစနစ်များ၊ အပြစ်ဒဏ်ပေးရေးလုပ်ထုံးလုပ်နည်းများ နဲ့ ဖြေရှင်းပုံနည်းလမ်းများ စနစ်တကျမရှိသေးတာကို တွေ့ရှိရပါတယ်။

## သုံးသပ်ချက်

တော်လှန်အမျိုးသမီးရဲဘော်များရဲ့ ပြောပြချက်များကိုကြည့်ခြင်းအားဖြင့် သူမတို့ ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုများရဲ့အကြောင်းရင်းများဟာ အဓိကအားဖြင့် အမျိုးသမီးများအပေါ် ခေတ်အဆက်ဆက်သတ်မှတ်ထားတဲ့ ရှေးရိုးစွဲအယူအဆများ၊ ဖိုဝါဒကြီးစိုးသော စနစ်များနဲ့ ပါဝါခွဲဝေကျင့်သုံးပုံမညီမျှမှုများကြောင့် ဖြစ်လာရတယ်လို့ စာရေးသူအနေနဲ့ ခြုံငုံ

ကောက်ချက်ချချင်ပါတယ်။ အမျိုးသမီးများအနေနဲ့ စစ်အာဏာရှင်စနစ်ကိုတော်လှန်နေချိန်မှာပဲ တပြိုင်နက်ထဲ ခေတ်အဆက်ဆက်ကာလရှည်ကြာအမြစ်တွယ်နေတဲ့ ကျားမခွဲခြားမှုစံနှုန်းတွေ၊ ဖိုဝါဒကြီးစိုးမှုအတွေးအခေါ်တွေကိုပါ တပြိုင်ထဲ အံတုရင်ဆိုင်နေကြရတာဖြစ်ပါတယ်။

ဒီလို စိန်ခေါ်မှုတွေကြောင့်ပဲ တော်လှန်ရေးထဲမှာ အမျိုးသမီးတွေရဲ့ ပါဝင်မှုကို အားလျော့စေသလို၊ အမျိုးသမီးတွေကို ခေါင်းဆောင်မှုအပိုင်းနဲ့ ဆုံးဖြတ်ချက်ချရတဲ့ နေရာတွေမှာ ပါဝင်လာဖို့ အခွင့်အလမ်းတွေပိုမို လျော့နည်းစေတာပါ။

တော်လှန်ရေးထဲမှ အမျိုးသမီးများရဲ့အခန်းကဏ္ဍကို အမှန်တကယ်အသိအမှတ်ပြုပြီး အမျိုးသမီးများရဲ့ ပါဝင်မှုကို အမှန်တကယ်အားပေးလိုတယ်ဆိုရင် တော်လှန်ရေးထဲမှာ ပါဝင်နေသူတိုင်းမှာ လုပ်ဆောင်ရမယ့်တာဝန်တွေကိုယ်စီရှိနေပါတယ်။ အဓိကအားဖြင့် စစ်အာဏာရှင်ကိုသာမက အတွေးအခေါ်ကိုပါတော်လှန်ကြတဲ့ အရွေ့မှာ မလိုလားအပ်တဲ့ ရှေးရိုးစွဲအယူအဆများနဲ့ ဖိုဝါဒလွှမ်းမိုးမှုများဟာ တတ်နိုင်သမျှဖြတ်ချခဲ့ရမယ့် အရာတွေပါပဲ။ ခေတ်အဆက်ဆက်စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကစလို့ လူမှုအသိပညာများအထိ အများကြီးချွတ်ခြုံကျခဲ့သော ပြည်သူလူထုရဲ့ မသိမှုကို အပြစ်တင်နေမယ့်အစား၊ လူထုထဲပျံ့နှံ့စေမယ့် ပညာပေးလုပ်ငန်းများကို တပြိုင်ထဲပိုမိုလုပ်ဆောင်ကြဖို့လိုအပ်နေပါတယ်။ ဒါကလဲ မြေပြင်အခြေအနေများနဲ့ အခြားသောလုပ်ငန်းတာဝန်များကြားမှာ အချိန်လုပြီး လုပ်ဆောင်ရမယ့် သဘောရှိနေပါတယ်။

တော်လှန်ရေးထဲမှာ ဦးဆောင်နေကြတဲ့ အဖွဲ့အစည်းများ၊ ဆုံးဖြတ်ပိုင်ခွင့်ရှိသူများအနေနဲ့ မိမိတို့ စစ်အာဏာရှင်ကိုတော်လှန်နေသူအချင်းချင်းက ကျူးလွန်တဲ့ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို ဘက်လိုက်မှုမရှိပဲ၊ အမှုမှန်ပေါ်ပေါက်ရေး၊ တရားမျှတမှုရရှိရေးတို့ကိုသာ ရှေးရှုပြီးလုပ်ဆောင်ကြဖို့ ဒီနေရာကနေ အထူးတိုက်တွန်းလိုက်ပါရစေ။

စစ်အာဏာရှင်သာမက၊ ဘယ်လိုဖိနှိပ်မှုမျိုးမဆိုကင်းစင်ပြီး၊ ဘယ်လိုအာဏာရှင်စနစ်ဖြစ်ပါစေ ကင်းစင်ပပျောက်ပြီး သာယာငြိမ်းချမ်းတဲ့ လူ့ဘောင်လောကတစ်ခုကို အတူတူဖော်ဆောင်နိုင်ဖို့ ခွဲခြားမှုများ၊ ရှေးရိုးစွဲအယူဝါဒများ၊ ဖိုဝါဒကြီးစိုးမှုများကို ဒီတော်လှန်ရေးထဲ မှာ အဆုံးသတ်တိုက်ထုတ်ကြဖို့ ဒီဆောင်းပါးအားဖြင့် တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

ငြိမ်းမြဝေ